# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 10 January 2025 ၁၁၆၉၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူနိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့၏ ထူးမြတ်သည့် အခါသမယတွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် စည်းလုံးညီညွတ်စွာ အတူတကွ အေးအတူ ပူအမျှ နေထိုင်လာခဲ့သော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုအားလုံးတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်

### မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော် အားပေးဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသည့် နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံက များစွာအထောက်အကူပြုမည်ဟု ယုံကြည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ် ထွန်းညှိပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ကြေးမုံ

# ရောဂါကင်းဝေးကျန်းမာစွာနေထိုင်ရေး ကျန်းမာရေးအသိဖြင့်ပူးပေါင်းပါဝင်

ယခုရက်ပိုင်းကာလများတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတကာသတင်းများကို ကြားသိနေရသည်။ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် အကူးအပြောင်းနှစ်သစ်ကူးကာလတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားစေတတ်သော (HMPV) ဗိုင်းရပ်စ်ပိုး ရောဂါကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလာကြသည်ကို တွေ့ရသည်။

ဖော်ပြပါသတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အဆိုပါရောဂါကူးစက်ဖြစ်ပွားခြင်းမရှိသော်လည်း အချို့ပြည်သူများကြား၌ စိုးရိမ်ပူပန်မှုဖြစ်ကြသူများရှိနိုင်သည်။ မြန်မာနိုင်ငံတွင် ရာသီကာလအားဖြင့် ယခုကဲ့သို့ ဆောင်းရာသီကာလတွင် စိုးရိမ်ဖွယ်ရာမရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားလေ့ရှိသည်။ ထိုသို့ဖြစ်ပွားလေ့ရှိမှုနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ယခုဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါနှင့်မရောထွေးရန်လိုသည်။ သတင်းထုတ်ပြန်ချက်များအရ လတ်တလောဖြစ်ပွားမှုများတွင် ရာသီတုပ်ကွေး (Influenza A H1 N1) ရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်နေကြောင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါပိုးများလည်း ပါဝင်သည်ဟု သိရသည်။

HMPV ဗိုင်းရပ်စ်ပိုးရောဂါသည် ကိုဗစ်-၁၉ ရောဂါပိုးနှင့်မတူဘဲ ယခင်ကတည်းက ဖြစ်ပွားလေ့ရှိသော ရောဂါပိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဆေးသုတေသနဦးစီးဌာနတို့က ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းများအရ နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်နှင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များတွင် ပြုလုပ်ခဲ့သော သုတေသနအချက်အလက်များအရ ပြင်ပလူနာဌာနများသို့ လာရောက်ကုသမှုခံယူခဲ့ကြသူများတွင်လည်း အဆိုပါ HMPV ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံရသူများရှိခဲ့သည်ကိုတွေ့ရသည်။

ထို့ကြောင့် HMPV ဗိုင်းရပ်စ်ရောဂါပိုးသည် ရာသီအလိုက် ကူးစက်ဖြစ်ပွားမှုများရှိခဲ့ပြီးဖြစ်၍ အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ ပြည်သူများတွင် ကိုယ်ခန္ဓာခုခံအားစနစ်ရှိနေပြီးဖြစ်သည်ကို သုံးသပ်တွေ့ရှိနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်ဒေသတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ သတင်းအချက်အလက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတင်းထုတ်ပြန်ချက်များနှင့် အကြံပြုချက်များကို စဉ်ဆက်မပြတ်ရယူ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့်ဒေသတွင်း ရောဂါဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားလာပါက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

ဆောင်းရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်အသိပေးသော ကျန်းမာရေးသတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာရရှိရေး၊ ရောဂါများဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ကုသမှုပေးရေးတို့အတွက် လိုအပ်သည်များကို ကြိုတင်အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားစဉ်ကာလက အခက်အခဲအကျပ်အတည်းများကြားမှ အလွန်ကြောက်မက်ဖွယ်ကောင်းသော ကူးစက်မြန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ကူးစက်ရောဂါကာကွယ်ရေး တစ်ကိုယ်ရေလိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဗဟုသုတများလည်း ရရှိပြီးဖြစ်သည်။

ယခုဒေသတွင်းနိုင်ငံအချို့တွင် ဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာနှင့်ပတ်သက်သည့် HMPV ဗိုင်းရပ်စ်ပိုးသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ အန္တရာယ်များသော ဗိုင်းရပ်စ်ပိုးအသစ်မဟုတ်ပေ။ အဆိုပါဗိုင်းရပ်စ်ပိုးသည် ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ပိုးတို့ကဲ့သို့ ယခုလိုဆောင်းရာသီကာလတွင် ကမ္ဘာတစ်ခွင်၌ဖြစ်ပွားလေ့ရှိသော ဖြစ်ရိုးဖြစ်စဉ်ရောဂါပိုးဖြစ်သည်။ အဆိုပါဗိုင်းရပ်စ်ပိုးသည် တရုတ်နိုင်ငံတွင် ဖြစ်နေကျထက်ပိုများခြင်းဖြစ်ပြီး အရေးပေါ်အခြေအနေ ကြေညာထားခြင်းမရှိပေ။ ၎င်းရောဂါပိုးသည် အသက်အရွယ်မရွေးကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးသူငယ်၊ အသက်အရွယ်ကြီးသူ၊ ကိုယ်ခံအားစနစ်ကျဆင်းနေသူများတွင်အဖြစ်များသည်။ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာတစ်ရာခိုင်နှုန်းအောက်တွင်သာရှိသည်။

သို့ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ဒေသတွင်းနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားနေသော HMPV ဗိုင်းရပ်စ်ပိုးရောဂါနှင့်ပတ်သက်၍ အထူးစိုးရိမ်ထိတ်လန့်မှုဖြစ်ရန်မလိုဘဲ ကျန်းမာရေးဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်မှုများကို လေ့လာမှတ်သားလိုက်နာ၍ ကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရောဂါကင်းဝေးပြီး စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။




## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

## တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

## ၉ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၃၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၁၈၅ | ၁,၅၃၅,၅၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၇၂၈ | ၂,၂၉၄,၇၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁,၅၆၀ | ၂,၉၆၄,၀၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၆၈၂ | ၁,၁၄၀,၆၅၀ |
| AMATA | ၄,၂၀၀ | ၄,၃၀၀ | ၄၀၅ | ၁,၇၀၁,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၂၃၀ | ၇၃၅,၅၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၀၅၀ | ၁,၃၉၄ | ၄,၂၅၂,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ **နိုင်ငံတော်မှ**

တိုင်းရင်းသားမျိုးနွယ်စုများအလိုက် စုစည်းနေထိုင်ရင်း ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံဟူ၍ ထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီ ညီလာခံ၏ ပထမဆုံးညီလာခံ၊ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"**အဖြစ်သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၇)နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်သည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည့်အပြင် အဖိုးတန်ရတနာများ ပေါကြွယ်ဝစွာ ထွက်ရှိခြင်း၊ တောတောင်ရေမြေ သဘာဝကောင်းများကြောင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများရှိခြင်းနှင့် မြန်မာနိုင်ငံ၏ အလှပဆုံးသော ဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာ နေရာဖြစ်ခြင်းတို့ကလည်း ပြည်နယ်၏ ထူးခြားသော အလှတရားကို ဖော်ပြလျက်ရှိပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏ လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာလှပမှုတို့ကလည်း ပြည်နယ်၏ ထင်ရှားသော သဘာဝအလှအပများပင် ဖြစ်ပါသည်။

ထိုကဲ့သို့သော ထူးခြားလှပသည့် သဘာဝအလှအပများနှင့်အတူ ပြည်နယ်အတွင်း ဂျိန်းဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေ (၁၅)သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကချင်ရိုးရာ မနောပွဲတော်ကြီးသည်လည်း ခွဲခြားမရနိုင်သော အမှတ်သင်္ကေတတစ်ခု ဖြစ်ပါသည်။ မနောပွဲတော်တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကို တည်ငြိမ်လှပကျက်သရေရှိလှသော တိုင်းရင်းသားဝတ်စုံများဖြင့် စုပေါင်းညီညာစွာ ကပြသည့် မနောအကသည် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထုများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကာ ပြည်နယ်အေးချမ်းသာယာမှုကို ခိုင်မြဲအောင် တည်ဆောက်ထားနိုင်သော ရိုးရာယဉ်ကျေးမှုတစ်ခု ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် ရေခံ၊ မြေခံနှင့် သဘာဝအရင်းအမြစ်များကို လက်တွေ့အသုံးချ၍ ပြည်နယ်၏ စီးပွားရေးကဏ္ဍမြင့်တက်လာနိုင်စေရေး ဖော်ဆောင်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေပါသည်။ ဒေသထွက် ကုန်ကြမ်းများမှတစ်ဆင့် ကုန်ချောအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောကာလ ဖြစ်ပါသည်။ ထို့အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့အတွက် ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**☆ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျှော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်၊ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်**

**☆ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသောကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသောကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ချမှတ်ဆောင်ရွက်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာပိုင်းဆိုင်ရာများကို ဟန်ချက်ညီညီပြည့်စုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပဓာနကျသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူနိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျှော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသော အချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

ယနေ့ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာ ကြုံတွေ့နေကြရပါသည်။ ထိုကဲ့သို့သော ပြည်တွင်းပြည်ပ ပယောဂများကြောင့် ဆင်ခြင်တွေးတောမှုကင်းမဲ့ကာ နိုင်ငံနှင့်လူမျိုးအကျိုးကို ဖျက်ဆီးနေကြသည့် လုပ်ရပ်များကို ရပ်တန့်စေပြီး၊ မိမိတို့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးကို လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်တည်ဆောက်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထား တိုက်တွန်းရင်း (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးပါသော အချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ညီလာခံအခမ်းအနား မှတ်တမ်းဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ရန်ကုန် ပညာရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် နှုတ်ခွန်းဆက် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ်၍ ထွန်းညှိပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်ခုကို အဓိက ဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများ ပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ **"ပညာ"** သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ကိုရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"** ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုး ထမ်းရွက်နိုင်မည့် စွမ်းအား ထက်မြက်သည့် အင်အားစုကြီး တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

> ❖ **နိုင်ငံတစ်ခုကိုအဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာ ပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများ ပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိ**
>
> ❖ **"ပညာ" သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ကိုရရှိစေကြောင်း၊ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်**

ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အသိပညာအတတ်ပညာ မြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော် အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် နိုင်ငံတကာ ပညာရေးဆိုင်ရာ အသုံးချ သုတေသနညီလာခံက လည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံ ဦးတည်ချက်ကို **"ပညာရေး၊ သိပ္ပံနှင့်နည်းပညာ စွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်း အတွက် အနာဂတ်သို့ ညွှန်ပြခြင်း – Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies."** ဟု သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဟူသည့် ကဏ္ဍသုံးရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းလိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးကို ဖန်တီးပေးနိုင်မည့် ထိရောက်အားကောင်းသည့်စွမ်းအားတစ်ရပ်ကို ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း။

သုတေသနဟူသည့် ဝေါဟာရသည် **"သုတ"** နှင့် **"ဧသန"** တို့ကို ပေါင်းစပ်ထားခြင်း ဖြစ်ကြောင်း၊ **"သုတ"**ဟူသည်မှာ အကြားအမြင်ဖြစ်ပြီး **"ဧသန"**သည် ရှာမှီးခြင်းဖြစ်သည့်အတွက် **"သုတေသန"** ကို မြန်မာအဘိဓာန်တွင် **"တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ် သိရန် စူးစမ်းရှာဖွေခြင်း"**ဟု ဖွင့်ဆိုထားကြောင်း၊ သုတေသနက ဗဟုသုတအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ လက်ရှိအယူအဆများကို သက်သေ စိုက်ထူခိုင်မာစေနိုင်ကြောင်း၊ လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ပြီး ပညာရပ်ဆိုင်ရာ အသိအမြင်များကို ပိုမိုတိုးတက် မြင့်မားလာစေနိုင်ကြောင်း၊ ထို့ကြောင့် သုတေသနဟူသည်မှာ ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့ကို တွန်းအားပေးနိုင်စွမ်းရှိသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်ကြောင်း။

**ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည်**

သုတေသန လုပ်ငန်းများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များ ဖော်ထုတ်ပြီး ဈေးကွက်သစ်များ ချဲ့ထွင်နိုင်မည် ဖြစ်သကဲ့သို့ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှု အရည်အသွေးများနှင့် ပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတကာ သုတေသနညီလာခံကြီးမှ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုတံခါးသစ်ကို ဖွင့်လှစ်ပေးသွားလိမ့်မည်ဟုယုံကြည်ကြောင်း။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာ ညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

# ပညာရေး၊ သိပ္ပံနှင့် နည်းပညာများ၏ စွမ်းပကားများနှင့် နောင်လာနောက်သားမျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့်အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်

❍ စာမျက်နှာ ၄ မှ

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်ချမှတ်အကောင်အထည်ဖော် လျက်ရှိကြောင်း၊ ခေတ်မီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာများကို သင်ကြားပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး KG+9 ပြီး မြောက်အောင်မြင်သူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာ အောင်မြင်ပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက် ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) အထိမ်းအမှတ် ပိုစတာပြခန်းကို ကြည့်ရှုစဉ်။

ကုန်ထုတ်လုပ်မှု မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အားပေးရမည်ဖြစ်ကြောင်း၊ သုတေသန တွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ် ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့ အရောက် နည်းပညာ လွှဲပြောင်းပေးခြင်းနှင့် သုတေသန တွေ့ရှိချက်အသစ်များကို လိုအပ်သည့်အဖွဲ့အစည်းများထံ အသိပညာဗဟုသုတ မျှဝေပေးခြင်း ပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

❖ **ကုန်ထုတ်လုပ်မှုမြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အားပေးရမည်**

❖ **သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့် သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့် အဖွဲ့အစည်းများထံ အသိပညာဗဟုသုတမျှဝေပေးခြင်း ပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်**

### သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်

ယနေ့ကျင်းပသည့် ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)တွင် ပြည်တွင်း ပြည်ပမှ ပညာရပ်ဆိုင်ရာ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်ကြီးများက Keynote Speech များနှင့် ပညာဗဟုသုတ မျှဝေပေးကြပြီး ဆရာအတတ်ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ MSME နှင့် TVET ကဏ္ဍ၊ Natural Language Processing – NLP နှင့် AI Technology ကဏ္ဍစသည့် ကဏ္ဍကြီး(၅)ရပ်တွင် စာတမ်းပေါင်း ၁၀၀ ကျော် ဖတ်ကြားတင်သွင်း ဆွေးနွေးသွားကြမည်ဟု သိရှိရကြောင်း၊ ထို့အပြင် သုတေသန ပိုစတာပြပွဲများနှင့် အားဖြည့်ထားသည့်အတွက် နိုင်ငံတကာ သုသေသနလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှုခြေလှမ်းအတွက် အားရဂုဏ်ယူကြောင်းကိုပြောကြားလိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် ဆက်စပ်နေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်ဖြစ်ကြောင်း။

ယခု သုတေသနညီလာခံကြီးတွင် ရွေးချယ်ခံရသဖြင့် တင်သွင်းသည့် သုတေသန စာတမ်းများသည် ပညာရှင်အဆင့်စာတမ်းများဖြစ်သည်နှင့်အညီ ကမ္ဘာက အားကိုး အားထားပြုရသည့် နိုင်ငံတကာ အသိအမှတ်ပြုစာတမ်းများဖြစ်ကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

### နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ကောင်းတစ်ခုဖြစ်

ယခု ညီလာခံကြီးကို တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ရောက်ရှိလာကြသည့် နိုင်ငံတကာ သုတေသနပညာရှင်ကြီးများနှင့် အွန်လိုင်းက တက်ရောက် ဆွေးနွေးကြသည့် ပညာရှင်ကြီးများကို နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားလိုကြောင်း၊ ပညာရှင်ကြီးများ၏ ပါဝင်မှုသည် ညီလာခံကြီး၏ ကြီးကျယ်ခမ်းနားမှုကိုထပ်လောင်းအားကောင်းစေမည်ဟုယုံကြည်ပါကြောင်း၊ ပညာရှင်ကြီးများ၏ ကျွမ်းကျင်မှုပညာနှင့် သုတေသနစာတမ်းများ ဖတ်ကြားမှု၊ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးမှုနှင့် သုတေသနညီလာခံမှတ်တမ်းစာအုပ်များ တည်းဖြတ်ပေးမှုတို့သည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ကောင်းတစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတကာသုတေသနညီလာခံကြီးကို အစစအရာရာ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် ညီလာခံကျင်းပရေးကော်မတီ၏ လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

စာမျက်နှာ ၆ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Uladzimir BARAVIKOU၊ အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဟန်ွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU၊ ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုးတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

○ စာမျက်နှာ ၅ မှ

ယခုကဲ့သို့ ညီလာခံကြီးများမှ တစ်ဆင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ၊ အကြံကောင်း ဉာဏ်ကောင်းများ မျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားရာ ပညာရပ်နယ်ပယ်တူသူများ၊ ရည်မှန်းချက်တူသူများအချင်းချင်း သုတေသနပရောဂျက်များပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူ ပစ္စည်းများ၊ သင်ကြားနည်းစနစ်များမျှဝေပေးခြင်း၊ အွန်လိုင်းသင်တန်းများ ပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာ ရင်းမြစ်များ တိုးတက်ရေးအတွက် ဖန်တီးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အထူးသဖြင့် အရာရာကို လေ့လာစူးစမ်းပြီး ရလဒ်အပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပပေးခြင်းဖြင့် လူငယ်များ၏ စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

☆ **ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ကို “ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ ညွှန်ပြခြင်း” ဟူသည့် ဦးတည်ချက်နှင့်အညီ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်**

☆ **ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ ပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပ ပညာရှင် ၄၀ တို့ တက်ရောက်ကြမည်ဖြစ်ကာ Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း၊ ပြည်ပ သုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြားတင်သွင်းသွားမည်**

ပညာရေး၊ သိပ္ပံနှင့် နည်းပညာများ၏ စွမ်းပကားများနှင့်နောင်လာနောက်သားမျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့် အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက် နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာ ညီလာခံ(၂၀၂၅) အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ကို **“ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ ညွှန်ပြခြင်း”** ဟူသည့် ဦးတည်ချက်နှင့်အညီ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ညီလာခံတွင်နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ ပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင်၄၀ တို့တက်ရောက်ကြမည်ဖြစ်ကာ Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း၊ ပြည်ပ သုတေသနစာတမ်း ၁၃၃ စောင်ဖတ်ကြားတင်သွင်းသွားမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ညီလာခံကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် ပညာရေးနှင့်တိုင်းပြည်ကောင်းမွန်တိုးတက်စေရေး နိုင်ငံတော်နှင့်ဒေသတွင်း နိုင်ငံများ၏ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့အတွက်များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ စုပေါင်းဆင်နွှဲ ဧရာဝတီရှုခင်းသာအပန်းဖြေစခန်းနှင့် ယဉ်ကျေးမှုပြတိုက်(မြစ်ကြီးနား) အဆောက်အအုံသစ် ဖွင့်လှစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော် အခမ်းအနားကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့ ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အဆိုပါ စခန်းနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မုခ်ဦးကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အပန်းဖြေစခန်း အတွင်းရှိ ကျောက်လုံးရင်ပြင်၊ ရိုးရာတဲအိမ် အဆောက်အအုံများ၊ ဝါးတံတား၊ ပန်းခင်းများဖြင့် ပုံဖော်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ရိုးရာတေးသီချင်း သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စီတာပူမနောကွင်းအတွင်း (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မနောပွဲတော် အခမ်းအနားကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

## စုပေါင်းဆင်နွှဲ

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တကွ ၎င်းတို့၏ ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊

ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအက ဦးဆောင်သူ နောင်ရှောင် (Nau Shawng)များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းဆင်နွှဲကြသည်။

ယင်းနောက် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြသထားသည့် ဒေသထွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၊ အသုံးအဆောင်နှင့် အသင့်စားစားသောက်ကုန်ပစ္စည်းများ၊ ရိုးရာအဝတ်အထည်ထုတ်ကုန်များ၊ ဝါးနှင့် ကြိမ်ထည် အသုံးအဆောင်ပစ္စည်းထုတ်ကုန်ပြခန်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ပညာရေးပြခန်းတို့ကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပြပွဲပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များက ဟင်းရွက်ပြိုင်ပွဲ၊ အသီးနှင့် အသီးပါ အပင်ပြိုင်ပွဲ၊ ဥယျာဉ်ခြံသီးနှံပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် အဆောင်သစ် ပထမအဆင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြတိုက်အဆောက်အအုံသစ်ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြခန်း၊ ပြကွက်များ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ပြတိုက်ပထမအဆင့်တွင် ခင်းကျင်းပြသထားသည့် ကချင်ပြည်နယ်မိတ်ဆက်ပြခန်း၊ Digital Museum ပြကွက်များကို လည်းကောင်း ရှင်းလင်းပြသပြီး ပြတိုက်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ယဉ်ကျေးမှုပြတိုက် တိုးချဲ့အဆောက်အအုံသစ်သည် အလျားပေ ၆၀၊ အနံ ပေ ၁၂၀၊ အမြင့် ၃၂ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၉၉၄ ဒသမ ၈၈၀ သန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြစ်ကြီးနား လေဆိပ်သို့ ရောက်ရှိခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များအား ကချင်ရိုးရာအင်္ကျီ၊ ရိုးရာဆောင်ဓား၊ ရိုးရာလွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို ဂါရဝပြု ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့်ပြည်ထောင်စုဝန်ကြီးများ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ လက်မှတ်ရေးထိုးရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍ၊ တန်ဖိုးမြှင့်လူသုံးကုန်၊ စားကုန်ထုတ်လုပ်ရေးကဏ္ဍ၊ လျှပ်စစ်၊ စက်မှု၊ မော်တော်ယာဉ်ထုတ်လုပ်ရေးကဏ္ဍနှင့် ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်း ထုတ်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးမူဝါဒများကျင့်သုံးရာတွင် နှစ်ဖက်အပြန်အလှန်အကျိုးရှိသော ကုန်သွယ်၊ စီးပွားမူဝါဒများကို ကျင့်သုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သဘာဝဓာတ်ငွေ့မှ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများထုတ်လုပ်ရာတွင် လူသုံးဆေးဝါးအပြင် တိရစ္ဆာန်ကုသရေးဆိုင်ရာ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် နည်းပညာများ လွှဲပြောင်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာရည်ရွယ်သည့်စာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဒမစ်ထရီမီရွန်ချစ်ခ်တို့က လက်မှတ်တို(Initial) ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၉**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် သည် ယနေ့မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Denis BAKEI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံတို့ ပူးပေါင်း၍ ကင်ဆာ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆေးဝါးများ၊ မျက်စဉ်းဆေးများ ပူးပေါင်းထုတ်လုပ်နိုင်ရေး ကိစ္စရပ်များ၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကြွေထည်ပစ္စည်းထုတ်လုပ်ခြင်း၊ ရော်ဘာနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သင်တန်းများစေလွှတ်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များနှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၉**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Barys ANDRASIUK ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်ကိစ္စရပ်များ၊ ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာပါကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးဝါးထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးဝါးတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအပြန်အလှန် ဆေးဘက်ဆိုင်ရာပညာရှင်များအကြား အတွေ့အကြုံ ဖလှယ်နိုင်ရေးနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပြင်ဦးလွင်မြို့ရှိ မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်းသရုပ်ပြ

**ပြင်ဦးလွင် ဇန်နဝါရီ ၉**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မစည်ပင်သာယာဈေးကြီးတွင် ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် စည်ပင် အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မီးသတ်ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဈေးသူ ဈေးသားများ စုစုပေါင်း အင်အား ၁၅၀ တို့ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်တိုက်သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်မော်တော်ယာဉ်များဖြင့် ရေပက်ဖျန်းမီးငြိမ်းသတ်သရုပ်ပြသခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၍ မီးငြိမ်းသတ်ခြင်း၊ လက်တွေ့ သရုပ်ပြသခြင်းများကို ခရိုင်မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❍

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြစ်ကြီးနားမြို့ လူထုအခြေပြုဖဟိုဌာနခွဲ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြစ်ကြီးနားမြို့၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာနခွဲ၌ တွေ့ဆုံသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဦးစွာ မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာနရှိ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ကလေးစာဖတ်ခန်းအတွင်း ကလေးဖတ် စာအုပ်၊ စာစောင်များ စုဆောင်းပြသ၊ ငှားရမ်းနိုင်မှု၊ ဒုတိယထပ်ရှိ ပြည်သူ့စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ စင်ဖွင့်စနစ်ဖြင့် စာငှားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနိုင်မှု၊ စာအုပ်၊ စာစောင်များ ဝယ်ယူလက်ခံရရှိမှု၊ တတိယထပ်ရှိဘက်စုံသုံးခန်းမ၌ ဒေသခံများအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာငှားဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ပြည်သူများ အသိပညာ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ အရာထမ်း၊ အမှုထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့ မိမိတို့နိုင်ငံ၏ အခြေအနေမှန်ကို သိရှိနားလည်ပြီး ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲမထားဘဲ နိုင်ငံသားအားလုံးက ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ကို နားလည်ထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ရိုင်းပင်းကူညီကြရမည်ဖြစ်ပါကြောင်း၊ မီဒီယာ၏ သဘောသဘာဝကို နားလည်ပြီး မိမိကိုယ်တိုင်က သတင်းမှန်ကို သိရှိရန် လိုအပ်ပါကြောင်း၊ သတင်းမှန်များ ပြည်သူသို့ မှန်မှန်နှင့် မြန်မြန်ချပြနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို အကောင်းဆုံးနှင့် အတတ်နိုင်ဆုံး အလေးအနက်ထားကြိုးစားကြရန် လိုအပ်ကြောင်း မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုဆိုင်ရာအခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (မြစ်ကြီးနား)၌ စက်ရုံဝင်းအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရေဒီယိုအစီအစဉ်နှင့် ရုပ်မြင်သံကြားအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်လျက်ရှိသည့် အခြေအနေ၊ ပြည်နယ်အတွင်း ရုပ်မြင်သံကြားနှင့် ရေဒီယိုလွှမ်းခြုံ ထုတ်လွှင့်ပေးနိုင်သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) စက်ရုံဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်များမှ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြစ်ကြီးနားမြို့ပေါ်ရှိ သမဝါယမအသင်း လီမိတက်ပိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနအောက် ဌာနဆိုင်ရာ အရာထမ်းများနှင့် ဆွတ်ဂျာအိန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေးရိက္ခာဖူလုံရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်သူများက အကူအညီတောင်းခံလာပါက တတ်နိုင်သမျှ ပေါင်းစပ်၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

**သွားရောက်ကြည့်ရှု**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ရှိ “စူပါဝမ်း” နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရမ်ပူရပ်ကွက်ရှိ “ဂျိန်းဖောသူ” စက်မှုလက်မှုရက်ကန်းကုန်ထုတ် သမဝါယမအသင်း၌ ကချင်ရိုးရာအဝတ်အထည်များအား စက်ရက်ကန်း၊ လက်ရက်ကန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး ဈေးကွက်ရရှိမှု အခြေအနေများနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ဧရာဝတီဧည့်ရိပ်သာ၌ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။



**ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အနေဖြင့် တရားဝင် သတ်မှတ်ချက်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားရှိရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျမှတ်ပုံတင်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားရစေမည့် လုပ်ငန်းများကို နိုင်ငံတော်၏ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သက်ဆိုင်သည့် မြေများပါဝင်မှု ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ သဘောထားမှတ်ချက်များ ပြန်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ တင်ပြချက်များကို စနစ်တကျမှတ်သားပြီး သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာနှင့် ဒေသအတွင်းဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကချင်၊ ဂျိန်ဖော့၊ လော်ဝေါ်၊ လီဆူ၊ လာချိဒ်၊ ရဝမ်၊ ဖိုင်ဝါး၊ တိုင်းခမ်းတီ၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းလိုင်၊ ကရင်၊ ဗမာနှင့် ရခိုင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ ...

မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သိက္ခာ မြင့်မားရေးအတွက် မြန်မာပြည်သား တစ်ယောက်ထက်ပို၍ တာဝန်ရှိသူမရှိပါ။ ၂၀၄၈ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးနှစ်တစ်ရာပြည့်ပွဲသဘင်ဆင်နွှဲနိုင်ဖို့ တာဝန်အရှိဆုံးသူများမှာ ယနေ့အသက်ရှင်နေသော ကျွန်တော်တို့ခေါင်းပေါ်တွင် တာဝန်ကျနေရုံသာမက အနာဂတ်မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြရန် အမွေချန်ထားခဲ့ဖို့လိုပါသည်။

ဒေါက်တာခင်မောင်လွင်

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းများတွင် သူများခြေတစ်လှမ်းလှမ်းလျှင် မြန်မာတို့က ခြေလှမ်းနှစ်ဆယ်မျှ လှမ်းကြပါမှ **“အတော့်ကို ပြဲအောင်လုပ်နိုင်ပါမှ တန်ကာကျမည်”** ဟူသော ဆိုစကားမှာ ယနေ့ထက်ထိ လက်တွေ့လုပ်သူမရှိသော ကျွန်တော်တို့ ခေတ်လူထုအတွက် ရှက်စရာပင်ကောင်းတော့၏။

ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးထက် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးသည့် လုပ်ရပ်များဖြင့် ပျော်ပါးနှစ်ခြိုက်နေသူများရှိသလို **“လက်နက်ကိုင်စီးပွားရေး”** လုပ်ရသည့်အရသာကို တွေ့သွားကြသဖြင့် **“ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ”** သော မြန်မာနိုင်ငံကြီးဖြစ်၍နေပါသည်။

ကျွန်တော်လူဖြစ်လာကတည်းက ပတ်ဝန်းကျင်တွင် မိုင်းထောင်၊ တံတားချိုး၊ ရထားလမ်းဖျက်သတင်းနှင့် ဂယက်များကြောင့် အနေကျပ်ခဲ့ရာမှ တစ်သက်တာဒဏ်ခံရပြီး သေခါနီးကျမှ ရှေးယခင်ကအတိုင်း မိုင်းဆွဲတိုက်ပွဲများအကြောင်းကို ကြားနေမြင်နေရသဖြင့် အနေကျပ်ပြီးလျှင် အသေကျပ်ဦးမည်မှာ သေချာသလောက်ရှိနေပါသည်။ ကျွန်တော့်သက်တမ်းတစ်လျှောက် မပြီးမြောက်နိုင်သည့် ငြိမ်းချမ်းစွာ ထိပ်တန်းရောက်နိုင်မည့်အခွင့်အရေးကို မျိုးဆက်သစ်တို့ ရနိုင်စေရန် လမ်းကြောင်းဖွင့်ခဲ့ဖို့သာ တတ်နိုင်ပါသည်။

သို့ဖြစ်၍ **“မြန်မာ-၂၀၄၈”** ခေါင်းစဉ်ဖြင့် စာတမ်းတစ်ခု ပြုစုထားရစ်ခဲ့ပါသည်။ မဖြစ်မနေ ပြန်လှည့်ကြည့်သင့်သည့်သမိုင်း၊ အားမနာတမ်း သုံးသပ်သင့်သည့် ပစ္စက္ခအခြေအနေနှင့် ပြတ်ပြတ်သားသား အုတ်မြစ်ချတည်ဆောက်ကြရမည့် မြန်မာ့ဗိမာန်ကြီးအတွက် စိတ်ကူးယဉ်မဟုတ်သော အိပ်မက်များကို အိပ်မပျော်နိုင်ဘဲ မက်ကာ အိပ်ပျက်ရက်တွေ ကြာရှည်နေရပါ၏။

## မြန်မာ့သမိုင်းရေစီးကြောင်းကြီးကို ပိတ်ဆို့ရပ်တန့်စေမှာလား

သန့်ရှင်း - တည်မြဲအကွဲ ချောက်ထဲကျရန် လက်နှစ်လုံးအလိုဖြစ်နေ၍ မြန်မာနိုင်ငံကို ကယ်တင်ခဲ့သည်ဆိုသော လမ်းစဉ်ပါတီကြီး၏အကွဲ၊ တစ်ပါတီစနစ်အောက်မှာ ခံစားခဲ့ရသည့် အမှတ်တရနေ့ရက်များ၊ သပိတ်စုံ၍ သူပုန်ထခဲ့ကြသော အရေးအခင်းများတို့သည် နိုင်ငံရေးအရှုပ်အထွေး ရေမျောကမ်းတင်များအဖြစ် မြန်မာ့သမိုင်းရေစီးကြောင်းကြီးကို ပိတ်ဆို့ရပ်တန့်စေမှာလားဟု စိုးရိမ်စရာဖြစ်နေရပေသည်။

မြန်မာပြည်တွင် ခေါင်းဆောင်များနှင့် နောက်လိုက်များက လူ့သဘောအတိုင်း ဖန်တီးနေကြသည့် သမိုင်းမှတ်တမ်းများကို စိတ်အားငယ်စွာ လေ့လာရှုမှတ်နေရုံမှတစ်ပါး အခြားမရှိ။ မည်သူ့ကိုမျှလည်း အပြစ်မတင်လိုဘဲ ပြုပြင်သင့်သည့် လမ်းကြောင်းနှင့် ဗျူဟာများကိုသာ ရှာဖွေတင်ပြနေမိပါသည်။

ကျွန်တော်သုံးသပ်ရရှိသော နိဂုံးချုပ်အဖြေကား **“ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ”** သာဖြစ်ပါတော့သည်။

**“ပြည်ထောင်စုစိတ်ဓာတ်”** နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို ခေါင်းဆောင်အသီးသီးက ဖွင့်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

**“တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ”**

**“တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသူများ”**

**“တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ”**

**“အရေးကြီးလျှင် သွေးစည်းကြသူများ”** စသည်ဖြင့် တင်စားဖွဲ့ဆိုထားကြပါသည်။

> ❋ **ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးထက် အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးသည့်လုပ်ရပ်များဖြင့် ပျော်ပါးနှစ်ခြိုက်နေသူများရှိသလို “လက်နက်ကိုင်စီးပွားရေး” လုပ်ရသည့်အရသာကို တွေ့သွားကြသဖြင့် “ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ”သော မြန်မာနိုင်ငံကြီးဖြစ်၍နေ**
>
> ❋ **ဒေသတစ်ခုနှင့် တစ်ခု၊ လူမျိုးတစ်စုနှင့် တစ်စု၊ ကိုးကွယ်ရာ ဘာသာဝင်တစ်စုနှင့် တစ်စု ကွဲပြားသွားရုံနှင့် အတူနေ ရေမြေဒေသများနှင့်ဆိုင်သော “ပြည်ထောင်စုစိတ်ဓာတ်” နေရာတွင် မျက်ကန်းမျိုးချစ်စိတ်ဓာတ်များဖြင့် “ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ” ပတ်သက်မှုထက် မကျော်လွန်ဘဲ “ငါ့နိုင်ငံတော်” “ငါ့နိုင်ငံသား” “ငါတို့ဒေသကြီး” ဆိုသည့် စိတ်ထားနှင့် ခံယူချက်အထိ ရောက်မလာဘဲ ခေတ်နောက်ကျကျန်နေသူများ များသောနိုင်ငံအတွက် ကိုယ်ကျိုးစီးပွား အဓိကထားသော အစွန်းရောက်ဝါဒများ ကိုင်စွဲလာကြ**

အလုပ်သဘော အဓိပ္ပာယ်ဖွင့်ဆိုချက် (Operational Definition) အဖြစ် ဖော်ထုတ်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးကား ကွယ်လွန်သူသမ္မတကြီး ဒေါက်တာမောင်မောင်ပင်ဖြစ်ပါသည်။

**“စစ်မှန်သော ဒီမိုကရေစီနှင့် လူသားတို့၏ လွတ်လပ်ခွင့်ကို ကျောခိုင်းလျစ်လျူရှုပြ၍ကားမရပေ။ သို့သော်လည်း ဒီမိုကရေစီအရေခွံကို လွှမ်းခြုံလျက် ပေါ်ပေါက်လာတတ်သော မင်းမဲ့စရိုက်ကိုမူ ရှောင်ရှားတတ်စေဖို့ အရေးကြီးပါသည်။ လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ တစ်ကိုယ်ရည် လွတ်လပ်ခွင့်နှင့် အများပြည်သူတို့အတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့ အကြားရှိနေသည့် လွန်စွာနူးညံ့သိမ်မွေ့သော ချိန်ခွင်လျှာအား ညီညွတ်မျှတစွာ ထိန်းသိမ်းနိုင်ရေးသည်လည်း အရေးကြီးသည်။ ကမ္ဘာပေါ်ဝယ် အရာရာပြီးပြည့်စုံလျက် ရာနှုန်းပြည့် အောင်မြင်နေသည့် လူ့ဘောင်အဖွဲ့အစည်းဟူ၍ မရှိသေးသလို တိမ်းစောင်းလွဲမှားမှု အလျှင်းမရှိသည့် အုပ်ချုပ်ရေးစနစ်ဟူ၍ မရှိသေးပါ။ စနစ်တစ်ရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၊ တရားဥပဒေတစ်ရပ်တို့ ရှင်သန်ခိုင်မြဲစေရေးသည် ပြည်သူလူထုတို့အပေါ်သာလျှင် မူတည်ပေမည်။ ပြည်သူလူထုတို့မှာလည်း သူတို့၏အားနည်းချက်၊ အားသာချက်များရှိသလို သူတို့၏ စဉ်းစားဆင်ခြင်တုံ တရားကင်းမဲ့မှုနှင့် များပြားလှသော စိတ်ခံစားမှုများလည်း ရှိပေဦးမည်သာ။ ထို့အတွက်ကြောင့် အရောင်အသွေးအမျိုးမျိုး ကွဲပြားချက် မပြတ်ပေါ်ပေါက်လေ့ရှိသော လူသားတို့၏ ပြဿနာအရပ်ရပ်တို့အတွက် တစ်ခုတည်းသော ပြီးပြည့်စုံသည့် မလွဲမှားနိုင်သော အဖြေဆိုသည်ကားမရှိပေ”** ဟု မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း (ပထမတွဲ) စာမျက်နှာ - ၃၅၆ တွင် ဖတ်ရှုရပါသည်။

ဤတွင် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းတာရမည့် စံပေတံကို မလွဲစေဖို့လိုပါသည်။

## အားလုံးညီညွတ်မှ ခံနိုင်ရည်ရှိ

လက်တွေ့တွင် ပြည်ထောင်စုစိတ်ဓာတ်မှာ တစ်ပွဲတိုး တည်ဆောက်၍ ရကောင်းသောအရာမဟုတ်ပါ။ စနစ်တစ်ရပ်ဟု ဆိုလိုက်လျှင် နိုင်ငံရေးသမားများက အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည်ဖြင့် သရုပ်ခွဲတတ်ကြပါသည်။ တစ်ဖန် အချင်းချင်းလည်း လက်ယာစွန်း၊ လက်ဝဲစွန်း၊ အလယ်အလတ်စသည်ဖြင့် ဝါဒများကို ခွဲခြမ်းစိတ်ဖြာကြကုန်ပြန်ပါ၏။ ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးများ (ဥပမာ - ဥရောပနိုင်ငံရေး) ကို လေ့လာလျှင် ပို၍ရှုပ်ထွေးသည်ကို တွေ့ရပါမည်။ သို့ရာတွင် နိုင်ငံ၏အဓိကအရေး (National Interest) နှင့် ပတ်သက်လာလျှင် အားလုံးညီညွတ်မှ ခံနိုင်ရည်ရှိပါ၏။ ဤသို့ညီညွတ်ဖို့ အတွက်လည်း နိုင်ငံသားချင်းဆက်နွှယ်မှု **(Belongingness)** သည် အရေးကြီးလာပါ၏။

အေးအတူ ပူအမျှ အတူတကွ မျှဝေခံစားခဲ့ရသော သမိုင်းကြောင်း၊ လူမှုရေးစနစ် (Social System)၊ ဓလေ့ထုံးစံများ၊ ပြည်သူ့နီတိများသည် ဘာသာခြားခြင်း၊ လူမျိုးခြားခြင်းနှင့် အနည်းငယ်သာ ပတ်သက်ပြီး ဆောက်တည်နေထိုင်ကြသော လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ ယဉ်ကျေးမှု (Civilization) နှင့် ခွဲခွာမနေကောင်းသည်ကိုလည်း သတိပြုရန်လိုပါသည်။

ယခု တိုးတက်ကြီးပွားလာသော တရုတ်နိုင်ငံသည် ဦးဆောင်မှုကိုရယူကာ (Global Civilization Initiative – GSI) ကို ၂၀၂၄ ခုနှစ်တွင် အစဖော်၍ တူညီသောအနာဂတ်တစ်ရပ်အတွက် မျှဝေပူးပေါင်းဆောင်ရွက်ရန် ကြိုးစားနေပေသည်။ အနောက်တိုင်းနှင့် အရှေ့တိုင်းတို့မှာ ထွန်းကားခဲ့သော ယဉ်ကျေးမှုချင်းမတူသည်ကို တစ်ချိန်က အသိအမှတ်မပြုဘဲ အနောက်တိုင်းယဉ်ကျေးမှုပုံစံနှင့်စံနှုန်း (Western Norms and Standards) များကိုသာ ကမ္ဘာပြုပြီး အာရှ၊ အာဖရိကရှိ ကိုလိုနီနိုင်ငံများကို မယဉ်ကျေးသောလူရိုင်းများအဖြစ် နှိမ်ချိုးကာ ခြေဖဝါးအောက်မှာ ခစားစေခြင်းများကို ယခုအခါ ရှုတ်ချအပြစ်တင်နေကြသည်ကိုလည်း တွေ့ရပါ၏။

တစ်ဖက်မှလည်း ဒေသတစ်ခုနှင့် တစ်ခု၊ လူမျိုးတစ်စုနှင့် တစ်စု၊ ကိုးကွယ်ရာ ဘာသာဝင် တစ်စုနှင့် တစ်စု ကွဲပြားသွားရုံနှင့် အတူနေ ရေမြေဒေသများနှင့်ဆိုင်သော **“ပြည်ထောင်စုစိတ်ဓာတ်”** နေရာတွင် မျက်ကန်းမျိုးချစ်စိတ်ဓာတ်များဖြင့် **“ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ”** ပတ်သက်မှုထက် မကျော်လွန်ဘဲ **“ငါ့နိုင်ငံတော်” “ငါ့နိုင်ငံသား” “ငါတို့ဒေသကြီး”** ဆိုသည့် စိတ်ထားနှင့် ခံယူချက်အထိ ရောက်မလာဘဲ ခေတ်နောက်ကျကျန်နေသူများ များသောနိုင်ငံအတွက် ကိုယ်ကျိုးစီးပွား အဓိကထားသော အစွန်းရောက်ဝါဒများ ကိုင်စွဲလာကြသည်ကိုလည်း တွေ့နေရပါသည်။

လွတ်လပ်ရေးမရခင်ကတည်းက သွေးကွဲနှင့်ပြီးသော တိုင်းရင်းသားအချို့နှင့် နိုင်ငံရေးသမားများမှာ လွတ်လပ်ရေးရရချင်း တိုက်ပွဲများဆင်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်။ စာရေးဆရာကြီး မြတ်ထန်၏ **“တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်”** အမည်ရှိစာအုပ်တွင် အတော်ပင် စုံလင်စွာဖတ်ရှုနိုင်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်များ တစ်စစီပြိုကွဲသွားကြချိန်တွင် တပ်မတော်အတွင်း ဖြစ်ရပ်များ အနက်မှ ပြည်ထောင်စုစိတ်ဓာတ် နမူနာလေး တစ်ခုကို တင်ပြချင်ပါသည်။ ကျွန်တော်၏ ယောက္ခမဖခင်ဖြစ်သူ **“သူရဦးတင်မောင်”** ၏ စာအုပ်ပုံကို မွှေနှောက်ရင်း သူရေးခဲ့သောဆောင်းပါးများထဲမှ အောင်လံ (နန်းရှေ့) ကလောင်အမည်နှင့် စစ်ပြန်မဂ္ဂဇင်းတွင် ရေးခဲ့သော **“အဓိကပစ်မှတ်”** ဟူသော ဆောင်းပါးကိုဖတ်မိရာ အံ့သြမိပါသည်။ ဆောင်းပါးထဲမှ အဓိကကျသောစာသားများကို မူရင်းအတိုင်း ဖော်ပြလိုပါသည်။

**စာမျက်နှာ ၁၂ သို့ ☆**

> **“ လက်တွေ့တွင် ပြည်ထောင်စုစိတ်ဓာတ်မှာ တစ်ပွဲတိုးတည်ဆောက်၍ ရကောင်းသောအရာမဟုတ်ပါ။ စနစ်တစ်ရပ်ဟုဆိုလိုက်လျှင် နိုင်ငံရေးသမားများက အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် စသည်ဖြင့် သရုပ်ခွဲတတ်ကြပါသည်။ တစ်ဖန် အချင်းချင်းလည်း လက်ယာစွန်း၊ လက်ဝဲစွန်း၊ အလယ်အလတ် စသည်ဖြင့် ဝါဒများကို ခွဲခြမ်းစိတ်ဖြာကြကုန်ပြန်ပါ၏။ ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးများ (ဥပမာ - ဥရောပနိုင်ငံရေး) ကို လေ့လာလျှင် ပို၍ရှုပ်ထွေးသည်ကို တွေ့ရပါမည်။ သို့ရာတွင် နိုင်ငံ၏အဓိကအရေး (National Interest) နှင့် ပတ်သက်လာလျှင် အားလုံးညီညွတ်မှ ခံနိုင်ရည်ရှိပါ၏။ ဤသို့ညီညွတ်ဖို့အတွက်လည်း နိုင်ငံသားချင်းဆက်နွှယ်မှု (Belongingness) သည် အရေးကြီး ”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)တွင် Keynote Address ပြောကြား



**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်း၌ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Keynote Address ပြောကြားသည်။

**အထောက်အကူပြုစေမည်**

ပြည်ထောင်စု ဝန်ကြီးက ပြောကြားရာတွင် မျက်မှောက်ကမ္ဘာ့ပညာရေး နယ်ပယ်တွင် လက်တွေ့ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ နည်းစနစ်အသစ်များကို သိရှိခွင့်၊ ဆွေးနွေးခွင့်ရကြမည်ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သုတေသနစွမ်းရည်ကို တိုးတက်မြင့်မားလာစေမည့်အပြင် New Generation ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ခေတ်မီနည်းပညာနှင့် အသိပညာ ဖလှယ်မှုအတွက် သိသာထင်ရှားသည့် ပံ့ပိုးကူညီမှုများရရှိကြပြီး မိမိတို့ပြုလုပ်နေကြသည့် ပါရဂူကျမ်းများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် သုတေသနညီလာခံကို တက်ရောက်လာသည့် နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များရှိ သုတေသနပညာရှင်များအကြား သုတေသနဆိုင်ရာ အတွေ့အကြုံ၊ နည်းလမ်းနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးနိုင်ပြီး အမြင်ချင်းဖလှယ်နိုင်မည်ဖြစ်သည့်အပြင် မိတ်ဖက်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကိုပါ တိုးမြှင့်စေမည်ဟု ယုံကြည်ပါကြောင်း။

**များစွာအကျိုးရှိမည်ဟု ယုံကြည်**

ထို့ကြောင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပညာရေး နယ်ပယ်အလိုက် ကျွမ်းကျင်သူများနှင့် နိုင်ငံတကာပညာရေး နယ်ပယ်အလိုက် ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) [International Confer-ence on Applied Research in Education(2025)] မှ မြန်မာနိုင်ငံ၏ အနာဂတ် ပညာရေးနှင့် တိုင်းပြည် ကောင်းမွန်တိုးတက်စေရေး၊ နိုင်ငံတော်နှင့် ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရေးဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် ကမ္ဘောဒီးယား၊ ဂျပန်၊ မြန်မာ၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များက Keynote Address ပြောကြားကြပြီး တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ ပညာရှင်များက Special Talk များ ပြောကြားကြသည်။

အဆိုပါ ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံသို့ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ စုံလင်စွာပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ နိုင်ငံတကာပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုမှ ပြည်တွင်း၊ ပြည်ပ ပညာရှင် ၄၀ တို့ တက်ရောက်ကြပြီး Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း၊ ပြည်ပ သုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြား တင်သွင်းကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေအသိပညာ ဆင့်ပွားဖြန့်ဝေခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာ ဆင့်ပွားဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဥပဒေအသိပညာဆင့်ပွားဖြန့်ဝေခြင်း အခမ်းအနားတွင် ပြဋ္ဌာန်းတည်ဆဲဥပဒေများစွာထဲမှ ဝန်ထမ်းများသိသင့်သိထိုက်သည့် ဥပဒေ၊ ဥပဒေ၏ အရင်းအမြစ်များ၊ ဥပဒေစနစ်များ၊ ဥပဒေအမျိုးအစားများ၊ ဥပဒေ၊ တစ်ဆင့်ခံဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပါ တစ်ဆင့်ခံဥပဒေများပြဋ္ဌာန်းနိုင်ခွင့်၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ဝန်ထမ်းများအား ဥပဒေအရ အကာအကွယ်ပေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းက ကျူးလွန်သော ပြစ်မှုများကို ထုတ်နုတ်ပို့ချသွားမည်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဗဟုသုတများစွာရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးနှင့် အကာအကွယ်များရရှိခံစားရမည်ဖြစ်သကဲ့သို့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းမလိုက်နာပါက ကျူးလွန်သောပြစ်မှုများနှင့်အညီ အရေးယူခံရမည်ဖြစ်သည့်အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဥပဒေဘောင်အတွင်းက လိုက်နာထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်အောင်ဆွေက ဥပဒေရေးရာများနှင့်ပတ်သက်၍အသိပညာပေးဆင့်ပွားဖြန့်ဝေဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၁၁ မှ

**"တပ်မတော် (ကြည်း) မှ အင်းစိန်က နှစ်ထပ်တိုက်တစ်လုံးကို ဖုံးကွဲတိုက်ခိုက်ရန် အဓိကပစ်မှတ်အဖြစ် ပေးလာပါသည်"** ဟူ၍လည်းကောင်း၊

**"ဒီပစ်မှတ်ကို ဖုံးကွဲတိုက်ခိုက်ဖို့ သေနတ်ပစ်တိုက်ခိုက်ဖို့ဟာ အင်မတန် သတိထားရလိမ့်မယ်။ ပစ်မှတ်ကို တိုက်ခိုက်ဖို့ အတော်ခက်တဲ့အနေအထားပဲ။ ကန့်သတ်ချက်တွေ၊ သတိထားရတဲ့ဟာတွေကအများကြီးပဲ၊ တော်အောင်ရော်အောင် လုပ်လို့မရဘူး။ အမှားမခံနိုင်ဘူး"** ဟု တိုင်ပင်ဆွေးနွေးကြကြောင်း၊

**"အကြမ်းဖက်သောင်းကျန်းသူ ကရင်များသည် အင်းစိန်မြို့ကိုသိမ်းပိုက်ကာ စောဘင်ဆင်ခြံ၊ ခဝဲခြံ၊ တောင်သူကုန်း စသည်တို့တွင် အလုံးအရင်းဖြင့် တပ်စွဲထားကြပြီး လေယာဉ်ကွင်း၊ လေယာဉ်အတက်အဆင်း၊ ရန်ကုန်-မင်္ဂလာဒုံလမ်းမကြီးများကို ခြိမ်းခြောက်လျက်ရှိပါသည်။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် အသံလွှင့်ရုံ (မြန်မာ့အသံ) ကို အမိအရ သိမ်းပိုက်လိုကြပါသည်။ သူတို့၏ လူအင်အား၊ လက်နက်အင်အားလည်း အလွန်ကောင်းပါသည်။ လေယာဉ်ကွင်းအတွင်းသို့ မကြာမကြာ လှမ်းပစ်ခတ်လျက်ရှိပြီး ကျွန်တော်တို့၏ လေယာဉ်ရုံကြီးများကို ကျည်ဆံများ လာရောက်ထိမှန်တတ်ပါသည် .......**

**"ဒီတိုက်ကြီးများတွင် အကြမ်းဖက်သောင်းကျန်းသူ အကြီးအကဲများရှိပြီး စစ်ဆင်မှု၊ စီမံကွပ်ကဲမှုများကို ဒီနေရာက ပြုလုပ်နေသည်ဟု ဆိုပါသည်....."**

**"ပစ်မှတ်နှင့်နီးကပ်လာသောအခါ လေယာဉ်အရှိန်လျှော့ကာ အမြင့်ပေ (၈၀၀) အရောက်တွင် ပစ်မှတ်နှင့် ချိန်သားကိုက်ကာ အချက်ပြလိုက်ပါသည်။ တစ်ချိန်တည်းတွင် အိုလီဗာရီ (AIR Gunner) က ဖုံးကို ပစ်ချလိုက်ပါသည် ..."**

**"ကျွန်တော် အိုလီဗာရီကို ချီးကျူးပြောဆိုရာ ရဲဘော်ရဲဘက်များကလည်း ပြောဆိုကြပါ၏။ (အိုလီဗာရီသည် ချစ်ခင်သူများ ပေါများသူဖြစ်ပါသည်။ ) သူသည် ကျေနပ်ပြုံးပြုံးနေရာမှ တစ်ချက်တစ်ချက် မျက်နှာပျက်သွားသည်ကို သတိထားမိ၏။"**

**"ဟေ့ အိုလီဗာရီ ဘာဖြစ်နေတာလဲကွ ... လုပ်ငန်းအောင်မြင်တာ မင်းမပျော်ဘူးလားကွ" "ဗိုလ်ကြီး လုပ်ငန်းအောင်မြင်တာ ကျွန်တော်ပျော်ပါတယ်။ ဒါပေမဲ့ ... အဲဒီတိုက်ကြီးက ကျွန်တော့်မိဘတွေရဲ့တိုက်ပါ။"** ဟု ဖြေကြောင်း၊ သူ့အားဝိုင်း၍ နှစ်သိမ့်လိုက်ကြရကြောင်း ရေးထားပါသည်။

လေယာဉ်သေနတ်သမား အိုလီဗာရီ၏ မိဘများမှာမူ ကရင်သူပုန်များကိုကြောက်၍ ရန်ကုန်မြို့ထဲသို့ ပြောင်းပြေးပြီးဖြစ်၍ တော်ပါတော့သည်။ လေသူရဲဗိုလ်ကြီးနှင့် လေယာဉ်သေနတ်သမားတို့ နှစ်ဦးမှာ ဘာသာလည်းမတူ၊ တိုင်းရင်းသားလူမျိုးချင်းလည်းမတူ။ ဖုံးကြဲချဖို့မောင်းလာသည့် လေယာဉ်မှာလည်း ဖုံးကြဲလေယာဉ်မဟုတ်။ ဆယ်လက်မခန့်ရှိ ခေတ်ပုံရိုက်သည့်အပေါက်မှနေ၍ ဖုံးကို လက်နှင့်ချိန်ကာ ပစ်ချရပါသည်။

အိုလီဗာရီသည် သူ့အိမ်မှန်းသိလျက်နှင့် အချိန်အဆမပျက်။ ထိုနေရာတွင် **"ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ"** တို့ထက်ပို၍ဦးစားပေးရမည့် **"ငါ့နိုင်ငံတော်"** အတွက် သစ္စာဆိုထားသည့်အတိုင်း အမိန့်ကို အတိအကျနာခံ၏။

ဤကား တပ်မတော်သားတို့၏ဘဝ။ သစ္စာရှိသော၊ သတ္တိရှိသော၊ စွန့်ဝံ့သော သူတို့အတွက် အသက်ပင်ပဓာနမထားဘဲ လေယာဉ်ခပ်ညံ့ညံ့ ပျံသန်း၍ ဖုံးကြဲရသောအလုပ်မှာ လေထဲရောက်သည်နှင့် အသက်တစ်ဝက်သာ အာမခံချက်ရှိသည့်ဘဝ။

သို့သော် ဗိုလ်ကြီး၏အမိန့်ကို တစ်သဝေမတိမ်း နာခံ၏။ ထိုအမိန့်နာခံမှုနောက်တွင် ရဲဘော်ရဲဘက်စိတ်ရှိ၏။ နောက်တွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိ၏။ နောက်တွင် ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ရှိ၍ နေကြောင်း တွေ့နိုင်ပါသည်။ ဤကဲ့သို့သောဖြစ်ရပ်ပေါင်းများစွာ၊ စွန့်လွှတ်စွန့်စားမှုပေါင်းများစွာ ပေါင်းစုခဲ့သဖြင့်သာ ကျွန်တော်တို့နိုင်ငံတော်ကြီးသည် ယနေ့ (၇၇) နှစ်တိုင် လွတ်လပ်၍နေသေး၏။

**ရန်ကုန်အစိုးရဟု အမည်တွင်ချိန်**

ထိုစဉ်က ၁၉၄၉ ခုနှစ်တွင် ရန်ကုန်အစိုးရဟု အမည်တွင်ချိန်တွင် နိုင်ငံရေးအရ ဘာမျှမတတ်နိုင်။ အင်းစိန်ကို သိမ်းပိုက်ပြီးဖြစ်နေချိန်တွင် တပ်မတော်ထဲသို့ စေတနာ့ဝန်ထမ်းများ ပါဝင်စစ်ကူပေးခဲ့၏။ တက္ကသိုလ်ကျောင်းသားများလည်း ရှေ့တန်းသို့ ထွက်ခဲ့ကြ၏။ ထိုအထဲတွင် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးလည်းပါခဲ့၏။ သူကား **"မွန်ထော်သက်ညွှန့်"** ဖြစ်၏။ ဒိုက်ဦးအနားက တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ရင်း ကျဆုံးခဲ့၏။ **"သူရ မွန်ထော်သက်ညွှန့်"** ၏ စွန့်လွှတ်မှုကျောက်တိုင်ကလေးက ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သွားလျှင် တွေ့နိုင်ပါသေးသည်။

စွန့်လွှတ်စွန့်စားသူ အညတရစစ်သည်များ ရေးခဲ့သောသမိုင်းကို ရိုင်းသည်ထင်ကာ တပ်မတော်ကို အလုံးစုံပျက်သုဉ်းခြင်း (Utter Devastation) စာရင်းသွင်းပြီး ဖြိုခွဲရန်ကြံစည်မှုများကို အကြိမ်ကြိမ် မြင်တွေ့နေရသူတစ်ယောက်အနေဖြင့် မြန်မာ့အရေးအတွက် စိတ်အေးစရာလုံးဝ(လုံးဝ) မရှိပါ။

သမိုင်းအစဉ်အလာမရှိဘဲ နိုင်ငံရေးအာဏာကို ဖြတ်လမ်းနည်းဖြင့်ရယူကာ နိုင်ငံတော်၏ကံကြမ္မာကို ပြည်ထောင်စုပြင်ပမှသူများ၏ ပုံဖော်ထုဆစ်မှုကြောင့် ပုံပျက်ပန်းပျက်ဖြစ်၍နေသော ယနေ့မြန်မာကို အချိန်တိုအတွင်း အဖတ်ဆယ်နိုင်ပါမှ ၂၀၄၈ အထိ ခံနိုင်မည်ဖြစ်ပါတော့၏။ ။

# အမေရိကန်စစ်လေယာဉ်များက ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဟူသီအဖွဲ့၏စစ်စခန်းများကို လေကြောင်းမှတိုက်ခိုက်

ဆာနား ဇန်နဝါရီ ၉

အမေရိကန်စစ်လေယာဉ်များသည် ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဟူသီအဖွဲ့၏စစ်စခန်းများကို ဇန်နဝါရီ ၈ ရက်က လေကြောင်းတိုက်ခိုက်မှု ခုနစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း ယီမင်အစိုးရတပ်ဖွဲ့မှ စစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုများသည် အမ်ရန်ပြည်နယ် ဟတ်ဖ်ဆက်ရန်ခရိုင်နှင့် ဆာနားမြို့တော် တောင်ဘက် ဆန်ဟန်ခရိုင်ရှိ အဓိက ကာကွယ်ရေးဆိုင်ရာ တည်နေရာများကို ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှုပမာဏနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမရှိပေ။

ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် နေရာအချို့သည် ဟူသီအဖွဲ့၏ မြေအောက်လက်နက် သိုလှောင်ရုံများ ဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဟူသီအဖွဲ့သည် တောင်ပိုင်းပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့ရှိ အမေရိကန်ရေတပ် စစ်သင်္ဘောများနှင့် ကုန်သည်သင်္ဘောများကို တိုက်ခိုက်ရန် အဆိုပါ အဆောက်အအုံများကို အသုံးပြုခဲ့သည်။

တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ဟူသီအဖွဲ့က ချက်ချင်း မှတ်ချက်ပေးခြင်းမရှိသေးပေ။

၂၀၂၃ ခုနှစ် နိုဝင်ဘာလကတည်းက ဟူသီများသည် အစ္စရေးနိုင်ငံရှိမြို့များကို ဒုံးလက်နက်များ အပါအဝင် ဒရုန်းများဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီး ပင်လယ်နီတွင် အစ္စရေးနှင့်ဆက်နွယ်သော သင်္ဘောများကိုလည်း ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဟူသီ၏ လုပ်ရပ်များကို တုံ့ပြန်သည့် အနေဖြင့် အဆိုပါဒေသတွင် တပ်စွဲထားသော အမေရိကန်ဦးဆောင်သော ရေတပ်ညွန့်ပေါင်းအဖွဲ့သည် ဟူသီလက်နက်ကိုင်အဖွဲ့အား ဟန့်တားရန်အတွက် ယခုနှစ် ဇန်နဝါရီလကတည်းက ဟူသီပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ယခုနှစ် ပထမခုနစ်ရက်အတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ကလေး ၇၄ ဦး အနည်းဆုံး သေဆုံး

ဂါဇာစီးတီး ဇန်နဝါရီ ၉

ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ညှိနှိုင်းမှုများကို ကာတာနိုင်ငံတွင် ဆွေးနွေးလျက်ရှိစဉ် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများကို ဆက်လက်ပြုလုပ်လျက်ရှိရာ သေဆုံးသည့် ကလေးငယ်အရေအတွက် ဆက်လက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ပထမခုနစ်ရက်အတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ကလေး ၇၄ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲများကို ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် ကာတာနိုင်ငံ၌ ယခုလအစောပိုင်းတွင် ပြန်လည်စတင်ခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်တွင် အဆိုပါဆွေးနွေးမှုများနှင့်ပတ်သက်ပြီး သတင်းကောင်းများ ထွက်ပေါ်လာရန် မျှော်လင့်ကြောင်း အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းသံတမန်တစ်ဦးက ပြောကြားသည်။

စေ့စပ်ညှိနှိုင်းသူများသည် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေးအတွက် သဘောတူညီရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်က ဇန်နဝါရီ ၈ ရက်တွင် ပြင်သစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ပြောကြားသည်။

ဓားစာခံများ၏ မိသားစုဝင်များသည် ဓားစာခံအားလုံးကို အမြန်ဆုံးလွှတ်ပေးရေးအတွက် အစ္စရေးအစိုးရအား ကြိုးပမ်းလုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# ကမ္ဘောဒီးယားနိုင်ငံသို့ ယမန်နှစ်အတွင်း ပြည်ပခရီးသွား ၆ ဒသမ ၇ သန်းလာရောက်ခဲ့

ဖနောင်ပင် ဇန်နဝါရီ ၉

ကမ္ဘောဒီးယားနိုင်ငံသို့ ယမန်နှစ်အတွင်းက ပြည်ပခရီးသွား ၆ ဒသမ ၇ သန်းလာရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟန်ဒါနီက ယနေ့ ပြောကြားသည်။

ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့်အမေရိကန်နိုင်ငံများမှ ပြည်ပခရီးသွားများ ကမ္ဘောဒီးယားနိုင်ငံသို့ ယမန်နှစ်အတွင်း လာရောက်မှုများပြားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ပြည်ပခရီးသွား လာရောက်မှုများပြားခြင်းမှာ နိုင်ငံအတွင်း ငြိမ်းချမ်းမှုရှိခြင်း၊ လည်ပတ်စရာနေရာ များပြားခြင်းနှင့် နိုင်ငံသားများ၏ဖော်ရွေမှုရှိခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ပြည်ပခရီးသွား ခုနစ်သန်းလာရောက်ရန်ရည်မှန်းချက်ထားရှိဆောင်ရွက်နေပြီး လက်ရှိအချိန်တွင် လာရောက်လည်ပတ်သူအများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုနှစ်အစပိုင်းမှစတင်၍ အစိုးရသည် ပြည်ပခရီးသွားများအတွက် ပြည်ဝင်ခွင့်ဗီဇာနှုန်းထားများ လျှော့ချပေးခြင်းဖြင့် ဆွဲဆောင်ခဲ့သည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံသူများအပါအဝင်ခရီးသွားအများအပြားလာရောက်မည်ဟု ယုံကြည်ကြောင်း ဟန်ဒါနီက ပြောကြားသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးကို အကူအညီပေးနေသည့် ကဏ္ဍများထဲမှ တစ်ခုဖြစ်သည်။ နိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ယိပြည်နယ်တွင် ယူနက်စကို အမွေအနှစ်စာရင်းဝင် အန်ကောရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိပြီး ပရာဆီဟန်နော၊ ကန်ပေါ့၊ ကက်နှင့်ကိုကောင်ပြည်နယ်များ တစ်လျှောက်ဖြတ်သန်းနေသည့် လှပသည့်ကမ်းခြေရှိသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# တရုတ်နိုင်ငံနှင့် ပင်လယ်ကွေ့ဒေသနိုင်ငံများအကြား ကုန်သွယ်ရေးမြှင့်တင်ရန် ဆောင်ရွက်မည်

အစ္စလာမ်မာဘတ် ဇန်နဝါရီ ၉

တရုတ် – ပါကစ္စတန် စီးပွားရေးစင်္ကြံအရ ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ဂေါ်ဒါ ဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပင်လယ်ကွေ့ဒေသနိုင်ငံများအကြား ကုန်သွယ်ရေးမြှင့်တင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ စီမံကိန်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးလုပ်ငန်းများဆိုင်ရာ ဝန်ကြီး အာရှန် အိုဗာက ယနေ့ ပြောကြားသည်။

တရုတ် – ပါကစ္စတန် စီးပွားရေးစင်္ကြံအရ တည်ဆောက်ထားသည့် ၎င်းဆိပ်ကမ်းသည် ဒေသတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ တန်ကြေးရှိသည့် ပိုင်ဆိုင်မှုဟု တင်စားခေါ်ဆိုရသည့် ၎င်းဆိပ်ကမ်းသည် ပင်လယ်ကွေ့ဒေသနိုင်ငံများနှင့် ဗဟိုအာရှနိုင်ငံများအကြား အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာခဲ့ပြီး စရိတ်စကနှင့် အချိန်ကုန်သက်သာပြီးထိရောက်သည့်ကုန်သွယ်ရေးလမ်းကြောင်းကို ဖြစ်လာစေခဲ့ကြောင်း ၎င်းကပြောကြားသည်။

အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်နှင့် စီးပွားရေးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုကိုတိုးမြှင့်မည်ဟု သိရသည်။

တရုတ်နိုင်ငံမှ ဆောင်ရွက်သည့် စီးပွားရေးစင်္ကြံစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကက်ဂါနှင့် ပါကစ္စတန်ဂေါ်ဒါဆိပ်ကမ်းကို ဆက်သွယ်ထားသောစင်္ကြံတစ်ခုဖြစ်ကာ ၎င်းစီမံကိန်း၏ ပထမအဆင့်တွင် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကာ အဆင့်သစ်တွင် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နယ်ပယ်များအထိ တိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ ရွာသစ်ကျေးရွာအနီး၌ တရားမဝင်ရေနံစိမ်း ၄၆၈ ဂါလန်နှင့် ဆက်စပ်ပစ္စည်းတစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ဇန်နဝါရီ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Nissan Note ယာဉ်တစ်စီးနှင့် Nissan AD Van ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၁ ပီပါ၊ ဓာတ်ဆီ ပီပါ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-RAY စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ ပဲခူးမြို့ မော်ကန်ရပ်ကွက်နှင့် ရှင်စောပုရပ်ကွက်တို့၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၉၅၅၀၀) နှင့် ပြည်မြို့ ဆံတော်ရပ်ကွက်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ၈၀၅၅၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Landcruiser Parado ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၆၃၀၅၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆိုစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truckတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၅၈၁၀၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦး အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၉၂၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၈၂၁၈၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် itsubishi Fuso Truck နှစ်စီး၊ Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၆၄၉၅၇၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့ TYM-110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင် ဇင်းကျိုက်မြို့နယ်၌ လိုင်စင်မဲ့ Hond Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၆၁၈၁၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Truckတစ်စီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Hino Ranger Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၃၀၂၈၆၅) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၃၁၅၉၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂၆၆၈၅၈၂)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၇ ရက် နှင့် ၈ ရက် တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၀၀၆၂၀၉)ကို သိမ်းဆည်းရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှု များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့လာသောလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ကာမြောက်ကျေးရွာမှ ပြည်သူ ၃၀ ကျော်ကို ဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူငါးဦး မိုင်းထိဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့ စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ကာမြောက်ကျေးရွာမှပြည်သူ ၃၀ ကျော်ကိုဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူ ငါးဦး မိုင်းထိဒဏ်ရာများ ရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက် သမားများကသာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများကို Drop Bomb ချတိုက်ခိုက်ခြင်း၊




လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည့်အပြင် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသော အကြမ်းဖက်သမားများအား လိုက်လံတိုက်ခိုက်လျက်ရှိပြီး ပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရန် အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# စစ်တွေမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်တွေ ဇန်နဝါရီ ၉

ရခိုင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ယခုအစည်းအဝေးတွင် စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် အတည်ပြုကာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိရောက် ကောင်းမွန်သောပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဖြင့် နိုင်ငံတော်က ရည်မှန်းဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို စွမ်းဆောင်ရည်ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ဘဏ္ဍာနှစ်အတွင်း ရရှိသုံးစွဲနိုင်မည့်ရငွေနှင့် အသုံးစရိတ်တို့ကိုသာ လျာထားရေးဆွဲကြရန်၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ပြည်နယ်၏အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် အရအသုံးထည့်သွင်းလျာထားရန်နှင့် ပြည်ထောင်စုမှ ပံ့ပိုးပေးသည့် ငွေဘောင်အတွင်း လျာထားရေးဆွဲကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရေးဆွဲရာတွင် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်များကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်များကို ဇန်နဝါရီ ၈၊ ၉ ရက်က ဆက်လက်ကျင်းပသည်။

အုပ်စု (A) တတိယနေ့တွင် မလေးရှားကလပ် တီရန်ဂါနူးအသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ ငါးဂိုးပြတ်၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းက ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု (A) တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းက ခုနစ်မှတ်၊ ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းတို့က ငါးမှတ်စီ၊ မလေးရှားကလပ် တီရန်ဂါနူးအသင်းက လေးမှတ်၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက သုံးမှတ်ရထားပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။



ဇန်နဝါရီ ၈ ရက်က မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် မလေးရှားကလပ် တီရန်ဂါနူးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အုပ်စု (B) တတိယနေ့တွင် ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်းက ဖိလစ်ပိုင်ကလပ် ကာယာအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုး၊ ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းက အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းကို အိမ်ကွင်း၌ လေးဂိုးပြတ်၊ စင်ကာပူကလပ် Lion City Sailors အသင်းက မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်းကို အိမ်ကွင်း၌ နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ အုပ်စု (B) တွင် ဗီယက်နမ်ကလပ် ဟန္တိုင်းအသင်းက ကိုးမှတ်၊ ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်းက ခြောက်မှတ်စီ၊ အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်းတို့က သုံးမှတ်စီရရှိထားကာ ဖိလစ်ပိုင်ကလပ် ကာယာအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စုစတုတ္ထနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၂၊ ၂၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-တီရန်ဂါနူးအသင်း**

# နီပေါဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း လက်ဘနွန်အသင်းနှင့် စတင်ကစားရမည်

ရန်ကုန် ဇန်နဝါရီ ၉

နီပေါဘောလုံးအဖွဲ့ချုပ်သည် ဖေဖော်ဝါရီလတွင် ကျင်းပမည့် နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်များထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် လက်ဘနွန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်နီပေါအသင်း အပါအဝင် မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၁၇၊ ၂၀၊ ၂၃ ရက်၊ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အမှတ်အများဆုံးရရှိသည့်နှစ်သင်းမှာ ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်း၊ နီပေါအသင်းနှင့် ကာဂျစ္စတန်အသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း၊ နီပေါအသင်းနှင့် လက်ဘနွန်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာအသင်းနှင့် နီပေါအသင်း၊ ကာဂျစ္စတန်အသင်းနှင့် လက်ဘနွန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၃၂ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလား အမျိုးသမီးခြေစစ်ပွဲနှင့် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နီပေါဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ကိုညီလေး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁-၂၀၂၅ သောကြာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အစီအစဉ် 'လွမ်းငန့်ဦးဇယ်ကရိန်ငန်'
၀၉:၃၀ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်တေး
၀၉:၄၀ Soccer View
၁၀:၃၅ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာဖုံ'(အပိုင်း-၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝမ်းသူများ' (အပိုင်း-၁)
၁၄:၄၅ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အစီအစဉ်
၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
၁၆:၄၅ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အစီအစဉ်
၁၇:၀၅ Weekly Sports Info
၁၇:၂၅ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်တေး
၁၇:၄၀ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အစီအစဉ် 'တုမရာဒီငယး သံပြိုင်ပေးလို့'
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်တေး
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာဖုံ'(အပိုင်း-၁၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'သံလွင်ရေစာတေးကဗျာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

### mitv

07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
07:08 San Lin Tun (Winner) Lose2Win with Andy Season 2
07:25 Kachin State Day (10th January)
07:31 Trend of Kachin Dress
08:01 News
08:26 Asia Updates; Tracking the Gibbon A generation of gibbon chasers
08:33 Taungoo City Travelogue
09:01 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1)
09:22 Chef Life: Cho Wut Ye
09:29 Discovering Tribes "Rvwang" Their Life and Customs (Part-2)
10:01 News
10:26 Lifestyle & Entertainment (Weekly Updates)
10:35 Topical Topics; Amazing Manaw Land, Kachin State

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင် ရွှေတောင်တန်းဆီသို့
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ
**အရှေ့ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရှားစောင်းလက်ပတ်၏အစွမ်း
**ချင်း (လိုင်ဇိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်သားတို့၏သဘာဝအကြောင်း
**ချင်း (ချိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ
**မွန် (၁၄:၀၀ မှ ၁၆:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုး(အပိုင်း-၁)
**ရခိုင် (၁၆:၀၀ မှ ၁၈:၀၀)**
ရခိုင်ရိုးသင်္ကေတလာဘ်ကောင်ဗျာလ္လ
**ရှမ်း (၁၈:၀၀ မှ ၂၀:၀၀)**
ပုံရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
**ဝ (၂၀:၀၀ မှ ၂၁:၀၀)**
စာအတူတူဖတ်ကြရအောင်
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၃:၀၀)**
'သံလွင်ရေစာတေးကဗျာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၄၅ Soccer View
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၄၅ Football Highlihgts
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ ရသစုံစွာဉ်မြေကမ္ဘာ

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသန့်ဝန်ဝေါင်းဖို့ရန် ရည်ရွယ်မှုသာ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စင်ကာပူနိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
၁၄:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၃၅)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၂ Pumpkin & Squash Harvest
၁၉:၂၀ Ma Kyi Pyar Reaction Ep 3
၁၉:၄၅ International Music Hits
၂၀:၀၀ ၃၉ ဗိုက်ပူ(ဇာတ်လမ်း)
၂၂:၀၀ The Father (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၀၀ အားကစားသတင်း
၀၇:၄၀ Soccer View
၂၀:၀၀ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Rakhine United Vs Myawady FC)

Scan Here

MRTV  MRTV  MRTV Radio  MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြောက်ဥက္ကလာပမြို့၌ မယ်လမုစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မြောက်ဥက္ကလာပ ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ ဆုတောင်းပြည့် မယ်လမုစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဦးစီးကျင်းပသော(၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီက ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး၌ ကျင်းပသည်။



ဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ စေတီတော်ကြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဧည့်ပရိသတ်များက နမောတဿ မဟာပဏာမ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

**ရွတ်ဖတ်ပူဇော်**

ယင်းနောက် ဆုတောင်းပြည့် မယ်လမုစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဦးစီးကျင်းပသော(၅၅)ကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၌ ဆက်လက်ကျင်းပသည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် သံဃာတော်အရှင်သူမြတ်များနှင့် ဓမ္မမိတ်ဆွေသူတော်ကောင်း အပေါင်းက ပဋ္ဌာန်းပစ္စယုဒ္ဒေသဖြင့် သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဖတ်ပူဇော်ကြသည်။

**မဟာကျမ်းမြတ်ပူဇော်ပွဲ ကျင်းပမည်**

ထို့နောက် ဆရာတော်၊ သံဃာတော် ၁၂ ပါးက အလှည့်ကျ ပဋ္ဌာန်းဒေသနာမြတ်များအား ဆက်လက်ရွတ်ဖတ်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက် အထိ မဟာကျမ်းမြတ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဆုတောင်းပြည့်မယ်လမုစေတီတော် (၅၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးတို့အား ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်ရာ စေတနာရှင်အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၅၇၀၃၆၁၅၂၊ ၀၉-၆၉၃၇၄၆၉၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘုရားပွဲတော်ကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်များ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# သုံးခွမြို့ ရှစ်မျက်နှာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ရှစ်မျက်နှာစေတီတော် ပရိဝုဏ်ရှိ မဟာဓမ္မရက္ခိတ တန်ဆောင်း၌ ရှစ်မျက်နှာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် လှူဒါန်းကြသော အလှူရှင်များအား (ဒုတိယအကြိမ်) ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှစ်မျက်နှာစေတီတော်ဩဝါဒါစရိယ မြို့မရေလည်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ နန္ဒာလင်္ကာရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နိုင်ငံတော်ဝိနည်းဓိုရ်က ဩဝါဒကထာမြွက်ကြားသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရှမ်းစုကျေးရွာ ပဋ္ဌာဂါမ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသိရိက အနုမောဒနာတရားဟောကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ဆက်လက်၍ ရှစ်မျက်နှာစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်း



ကပ်လှူပူဇော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ရေး လုပ်ငန်း ကော်မတီဝင်များက ငွေကျပ်သုံးသိန်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် ကျပ်သိန်း ၄၅၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး စေတနာရှင် အလှူရှင်များက လှူဒါန်းကြသော အလှူငွေမှာ ဇန်နဝါရီ ၈ ရက် ညနေထိ ငွေကျပ် ၃၇ သိန်း ကျော်ရရှိထားပြီဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

# ရေတာရှည်မြို့နယ်၌ ဆောင်းပဲသီးနှံမျိုးစုံ လျာထားချက် ပြည့်မီကျော်လွန် စိုက်ပျိုးပြီးစီး

**ရေတာရှည် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ယခုနှစ် ဆောင်းပဲသီးနှံမျိုးစုံ ၄၇၂၃၄ ဧက စိုက်ပျိုးနိုင်ရေး လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဧက ၅၅၁၈၀ လျာထားပြည့်မီကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်တွင် ဆောင်းပဲသီးနှံများဖြစ်သည့် မတ်ပဲ ၂၆၇၅၉ ဧက၊ ပဲတီစိမ်း ၁၉၇၇ ဧက၊ ပဲပုပ် ၇၈၉ ဧက၊ ကုလားပဲဧက ၆၅၀၊ ပဲလွမ်း ၁၃၆၁၈ ဧက၊ ဗိုလ်ကိတ် ဧက ၇၅၀၊ စွန်တာနီ ၈၅၁ ဧက၊ ပဲကြီး ဧက ၈၂၀၊ အခြားပဲ ဧက ၁၀၂၀ စုစုပေါင်းပဲမျိုးစုံ ၄၇၂၃၄ ဧက စိုက်ပျိုးရန် လျာထားခဲ့သည်။ မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေအရ မတ်ပဲ ၂၆၇၅၉ ဧက၊ ပဲတီစိမ်း ၂၁၃၄ ဧက၊ ပဲပုပ် ၇၈၉ ဧက၊ ကုလားပဲ ဧက ၆၅၀၊ ပဲလွမ်း ၁၅၀၀၅ ဧက၊ ဗိုလ်ကိတ် ၆၄၆၂ ဧက၊ စွန်တာနီ ၁၅၄၁ ဧက၊ ပဲကြီး ဧက ၈၂၀၊ အခြားပဲ ဧက ၁၀၂၀ စုစုပေါင်း ပဲမျိုးစုံ ဧက ၅၅၁၈၀ ကို လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးပြီးစီးခဲ့သည်။

ရေတာရှည်မြို့နယ်၌ ဆောင်းသီးနှံများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသောမျိုးသန့်မျိုးစေ့များ ရွေးချယ်မှုမှန်ကန်စေရေး၊ မြေဆီလွှာကောင်းမွန်အောင် ပြုပြင်ရေး၊ စိုက်နည်းများ မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးများ စနစ်တကျသုံးစွဲတတ်စေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေးစသည့် တောင်သူများအား အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၈၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၁၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

■ **ကာရာဘောင်ဖလားမှ**

စပါးအသင်းဟာ အိမ်ကွင်းမှာ လီဗာပူးအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိမယ့်အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် ပက်ဒရိုပေါ်ရိုနဲ့ ဆိုလန်ကာတို့ရဲ့ သွင်းဂိုးတွေ ဂိုးမဝင်ခဲ့လို့ ဂိုးပြတ်နိုင်ပွဲနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။ စပါးအသင်းဟာ ဒဏ်ရာရကစားသမားနဲ့ အဖျားရောဂါခံစားနေရတဲ့ ကစားသမားတွေရှိနေတာကြောင့် အဓိကကစားသမား ၁၀ ဦးအထိ အခုပွဲစဉ်မှာ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အဝေးကွင်းမှာ စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမယ့် ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့မယ်ဆိုပါက နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပါတယ်။

ငွေကြယ်

# ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ပုသိမ် ဇန်နဝါရီ ၉

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်နှင့် ဘိုကလေးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။




ဦးစွာ ပုသိမ်မြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက "လူတိုင်းအတွက် ပညာရေး" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး(ကိုယ်စား) စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအတွင်းရေးမှူး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းပြင်ပပညာရေး လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စဉ်ဆက်ပညာရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံးအား မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် စေတနာဖြင့် လုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် မြို့နယ်ကိုယ်စားပြုနည်းပြနှင့် ကြီးကြပ်ကိုယ်စားလှယ် နှစ်ဦးအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။


ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အား ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ညွှန်ကြားရေးမှူးချုပ်က မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ယူတက်ရောက်ခဲ့သည့် စာသင်သား ကိုယ်စားလှယ်နှစ်ဦးအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ပုသိမ်မြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်(ပုသိမ်) ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး နည်းပညာတက္ကသိုလ်(ပုသိမ်)အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(ပုသိမ်)မှ ဒုတိယပါမောက္ခချုပ်က မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် နည်းပညာတက္ကသိုလ်(ပုသိမ်)မှ မြို့ပြအင်ဂျင်နီယာဌာနနှင့် အီလက်ထရောနစ်အင်ဂျင်နီယာဌာနတို့မှ ကျောင်းသူများက (ရတနာပုံ) သီချင်းဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် State Administration for Market Regulation (SAMR)၏ ဒုတိယဝန်ကြီးဒေါက်တာရှုဝေတို့ တွေ့ဆုံ၍ အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေစီမံကိန်း(၂၀၂၂)ဆိုင်ရာ တရားဝင်ခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိပြီး ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက State Administration for Market Regulation(SAMR) ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရှုဝေနှင့် အဆိုပါဝန်ကြီးဌာနရုံးချုပ်၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံမှုသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်က ကူမင်းမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI) နှင့် State Administration for Market Regulation အောက်ရှိ စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန(Standardization Administration China)၊ အမျိုးသားတိုင်းတာရေးသိပ္ပံ(National Institute of Metrology-China)တို့နှင့် ရေးထိုးခဲ့သည့် MoU နှစ်စောင်အရ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနချင်း ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။

ထိုသို့ မြန်မာ-တရုတ် ဒုတိယဝန်ကြီးများ တွေ့ဆုံစဉ် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် အမျိုးသားအဆင့် သိပ္ပံနည်းကျ တိကျစွာတိုင်းတာခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အရည်အသွေးအာမခံချက် အသိအမှတ်ပြုခြင်းများဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဖလှယ်ရေးစီမံကိန်းများကို ထပ်မံချဲ့ထွင်ကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမအသင်းသားများ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ကျိုက်မရော ဇန်နဝါရီ ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရန်မျိုးအောင်ရပ်ကွက်ရှိ ကျိုက်မရောမြို့မ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်က မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားများ၏ အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဝက်မွေးမြူရေးခြံများသို့ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင်းလီမိတက်အနေဖြင့် အသင်းသား ၂၇ ဦးရှိပြီး အသားတိုးဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် မျိုးဝက်၊ အသားတိုးဝက်မျိုးနှင့် ဝက်သိုးကောင်ရေ ၃၆၇ ကောင်အတွက် ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေကျပ် ၁၃၂ ဒသမ ၃၅ သန်းကို ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

၁၁-၁-၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇) အမှတ် (၂) တွင် ဖြူကောင်လေး ဥဥကို သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာကစားနိုင်ရန် ကြွက်ညိုက ကူညီပေးလိုက်ပုံအကြောင်း သရုပ်ဖော်ထားသည့် "ဥဥနဲ့ သူငယ်ချင်းများ" မျက်နှာဖုံးကာတွန်း၊ လူ့ခန္ဓာကိုယ်ထဲရှိ နှလုံး၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုရမည့် "နှလုံးကျန်းမာရေး၏ အရေးပါပုံ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ ဘိုးဘိုးက မြေးအငယ်အပေါ် အလွန်ချစ်ကြောင်းကို ပြောပြလိုက်သော ကိုကိုနှင့် ညီလေးဂျိုးဂျိုး အကြောင်း သရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနှင့် ငုံးဥပုပ်" နှစ်မျက်နှာ ကာတွန်း၊ အမှိုက်များကို မြို့နယ်စည်ပင်သာယာက သတ်မှတ်ပေးထားသော အမှိုက်ပုံးထဲတွင်သာ စည်းကမ်းတကျ စွန့်ပစ်ပါတော့မည်ဆိုသော ကျော်ဇင်ထွန်းအကြောင်း ဖတ်ရှုရမည့် "ကြွပ်ကြွပ်အိတ်ထဲမှာ အမှိုက်တွေရှိတယ်" ဝတ္ထုကဏ္ဍ၊ တီကောင်တွေ့ရမည့်နေရာကို ပြောပြလိုက်သော ပန်ပန်အကြောင်း သရုပ်ဖော်ထားသည့် "ပန်ပန်နှင့် တီကောင်" တစ်မျက်နှာကာတွန်း၊ ကျေးငှက်တို့၏သဘာဝ အလှများအကြောင်း ဖော်ကျူးရေးဖွဲ့ထားသည့် ဆရာ မြစိုးသန်း (ရွှေပြည်သာ)၏ "သူတို့အလှ သူတို့ဘာဝ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာ ကဏ္ဍစုံလင်စွာဖြင့်




ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြိတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

ထားဝယ် ဒီဇင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Petro & Trans Co.,Ltd. တို့အကြား မြိတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ပထမအကြိမ်သက်တမ်းတိုးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ရပ်ကွက်အလိုက်/ နေရာဒေသအလိုက် လျှပ်စစ်ဓာတ်အားကို အဖွဲ့လိုက်စုစည်းပြီး မီးပေးရေးအဖွဲ့ဖြင့် ဆောင်ရွက်ထားရှိခဲ့ကြောင်း၊ ထားဝယ်ခရိုင်အတွင်း ထားဝယ်မြို့ပေါ်သာမက ရေဖြူ လောင်းလုံး၊ သရက်ချောင်းမြို့နယ်တို့ ပေါင်းစပ်ပြီး ခရိုင် Grid ကို ဆောင်ရွက်ထားရှိခဲ့ကြောင်း၊ အလားတူပင် မြိတ်မြို့တွင် ကွဲပြားနေသော ပုံစံအမျိုးမျိုးဖြင့် မီးပေးနေသောကြောင့် စုစည်းပြီး လျှပ်စစ်မီးသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ပေးပြီး လျှပ်စစ်မီး အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရပ်ကွက်/ကျေးရွာအားလုံး မီးလင်းရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အားခဈေးနှုန်းလျှော့ကျရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့်လည်း ယူနစ်နှုန်းထားလျှော့ကျရေး ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Petro & Trans Co.,Ltd. တို့အကြား မြိတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ပထမအကြိမ် သက်တမ်းတိုးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။




တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှုသင်တန်းများ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၉

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းနှင့် မော်တော်ယာဉ် စက်ပြင်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။



ထိုသို့ ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ခုနှစ်အလိုက်သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်မှုသင်တန်းအကြိမ် (၃၀) ဖွင့်လှစ်၍ သင်တန်းသား ၇၅၀ မွေးထုတ်ပေးရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းများနှင့် လုပ်ငန်းခွင်ရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ သင်တန်းကျောင်း အနေဖြင့် သင်ထောက်ကူပစ္စည်းများ အရည်အသွေး ကောင်းမွန်ပြည့်စုံစွာ၊ အရည်အချင်းမီ သင်တန်းနည်းပြများဖြင့် လျာထားချက်နှင့်အညီ ဖွင့်လှစ်ပို့ချရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုသင်တန်း လေ့ကျင့်ရေး သင်တန်းကျောင်းများမှ သင်တန်းသားများနှင့် တွေ့ဆုံ၍သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့် စာပေပညာနှင့် လက်တွေ့သင်ခန်းစာများကို နာယူစိတ်ဖြင့် လေ့လာသင်ယူကြရန်နှင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချောက်မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများဆောင်ရွက်

ချောက် ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများကို ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များနှင့် ဈေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မြို့မဈေးကြီးရှေ့၌ မီးသတ်ဆေးဘူးအသုံးပြု၍ ဆီမီးလောင်မှုအား ဈေးသူဈေးသားများအား လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ မြို့မဈေးအတွင်းရေဂါလန် ၂၇၀၀ ဆံ့ မြေအောက်ရေကန်နှစ်ကန်နှင့်ဆက်သွယ်တပ်ဆင်ထားသည့် ရေပိုက်များအား မီးသတ်စက်များဖြင့် ရေစုပ်ပက်ဖျန်း စမ်းသပ်ခြင်းများဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မီးလောင်လွယ်ကူသည့် အမှိုက်သရိုက်နှင့် မိုးကာအစုတ်အပြဲများအား ရှင်းလင်းဖယ်ရှားခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြည့်မှုမရှိစေရေး၊ ဈေးသိမ်း/ဈေးပိတ်ချိန်များတွင် လျှပ်စစ်မိန်းချထားရေး၊ မလိုအပ်သည့်စွန့်ပစ်ပစ္စည်းများ သိုလှောင်ထားမှုမရှိစေရေး၊ ရောင်းချကုန်ပစ္စည်းများသာထားရှိရေး စစ်ဆေးအကြံပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ငွေကြယ်



# ထားဝယ်ခရိုင်၌ တောမီးနှင့် မီးလောင်မှုများပြားနေခြင်း လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ် ဇန်နဝါရီ ၉

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင်၌ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက် များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက တိုင်းဒေသကြီးအနေဖြင့် ၂၀၂၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် မီးလောင်မှုအရေအတွက် ၈၃၂ ခုကို အခြေခံပြီး ၂၀၂၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းလျှော့ချရေး မီးလောင်မှုအရေအတွက် ၆၆၆ ခုထက် လျှော့နည်းနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူက တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက် များပြားနေခြင်းကို လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများ သိရှိအောင် အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများ၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း ဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဈေးများတွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ နံ့သာကုန်းဈေးနှင့် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ ဆယ်မိုင်ကုန်းဈေးတို့တွင် ကွင်းဆင်း ဆောင်ရွက်သည်။



## အသိပညာပေးဟောပြော

ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ ဆိုင်ခန်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဂက်(စ်)အိုးမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဂက်(စ်)အိုးမီးလောင်မှုအား Bar ပိတ်၍ မီးငြိမ်းသတ်နည်း၊ ဂက်(စ်)အိုးမီးလောင်မှုအား အောက်စီဂျင်ဖြတ်တောက်၍ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအား အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ မီးလောင်မှုအား ဖုံးအုပ်ငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းတို့အား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

# ကိုယ့်ပစ္စည်း ကိုယ်နှမြောတာ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ



(၂-၁-၂၀၂၅ ရက်နေ့မှအဆက်)

ဘဝတိုင်း ဘဝတိုင်းမှာ သူက လူပျိုကြီး။ အားကျလိုက်တာ။ သဘောကျလိုက်တာ။ အရှင်သာရိပုတ္တရာ အလောင်းတော်မြတ်ဟာ ဘဝတစ်ခုတုန်းက လူတွေရှေ့မှာ ဟောဒီမြေကြီးတွေကို ဆုပ်ကိုင်ပြီးတော့ နံ့ဖူးဆံစနဲ့မြေကြီးကို သုတ်လိမ်းပြီး သစ္စာဆိုတာ ရှိခဲ့ပါတယ်၊ ဘယ်လိုသစ္စာဆိုသလဲဆိုတော့ –

"အကျွန်ုပ်သည် မဖြစ်လို့နေနေကြရတဲ့ ဟောဒီလို လူ့လောကကြီးထဲမှာ၊ သင်တုန်းဓားပေါ်က ပျားရည်စက်လောက်မှ တန်ဖိုးမရှိတဲ့ လူ့လောကကြီးမှာ နေနေရတဲ့အချိန်မှာ ကိုယ့်စိတ်ကလေးကို ကိုယ်က မစောင့်ရှောက်နိုင်တာ ဖြစ်ခဲ့မိပါတယ်။ သတိ၊ ပညာမပါတဲ့အတွက်ကြောင့် အမှားကြီးမှားခဲ့ရပါတယ်။

အခုချိန်ကစပြီးတော့ ရဟန္တာမဖြစ်မချင်း သေရည်သေရက် မသောက်တော့ပါဘူး" ဆိုပြီး သစ္စာဆိုခဲ့ပါတယ်။

ကြည့်စမ်း၊ အရှင်မြတ်ကြီးရဲ့ အလောင်းတော်ဘဝ ဟိုအတိတ်ဘဝကတည်းက ရဟန္တာမဖြစ်မချင်း သေရည်သေရက် မသောက်တော့ပါဘူးတဲ့။

မဟာပထဝီမြေကြီးကို သက်သေတည် မျက်နှာကို မြေကြီးနဲ့သုတ်ပြီး သစ္စာဆိုခဲ့တာပါ။

ဒီလိုသူတော်ကောင်းတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကိုကြားရတော့ ဘယ်လောက်အရသာရှိလဲ။

ရဟန္တာ မဖြစ်မချင်း သေရည်သေရက်မသောက်တော့ပါဘူးတဲ့။

ဒီလူတွေလည်း အဲဒီလို သစ္စာဆိုလိုက်ကြပါလား။ ဘယ်လောက်ကောင်းတဲ့ဘဝကို တစ်ဆင့်ပြီးတစ်ဆင့်ဆိုသလို ရောက်လိုက်ကြမလဲ။

သူတော်ကောင်းတွေရဲ့ စိတ်ဓာတ်၊ သူတော်ကောင်းတွေရဲ့ ဘဝခဏမှာ ခံစားတဲ့ စံစားတဲ့ လောကအရသာတွေပါ။

ဒါတွေကို သူတော်ကောင်းဖြစ်ချင်တဲ့သူတွေက အတုယူရမှာ။ သတိရှိတဲ့သူမှ ဒီလိုသစ္စာကိုဆိုရဲတယ်။ ဉာဏ်ရှိတဲ့သူမှ ဒီလိုသစ္စာကိုဆိုရဲတယ်။ သူတော်ကောင်းဓာတ်ခံတွေရှိတဲ့သူမှ ဒီလိုသစ္စာကို ဆိုရဲကြပါတယ်။

အခု တရားအားထုတ်နေတယ်ဆိုတာက သူတော်ကောင်းဓာတ်ခံတွေ တိုးတိုးလာအောင် အားသွင်းနေရတာပါ။ သတိတွေ၊ အသိပညာတွေ အားတိုးအောင် ကြိုးစားအားထုတ်နေတာပါ။

အရှင်မြတ်ကြီးရဲ့အလောင်းတော်စိတ်ဓာတ်ဟာ အဲဒီရှေးဘဝတုန်းကတည်းက ကြည်ညိုစရာကောင်းလိုက်တာ။

အခုဘဝ နောက်ဆုံးဘဝဆိုတာတော့ ပြောမနေပါနဲ့တော့။ ကြည်ညိုစရာတွေက အဲဒီတစ်ခုတည်းတင်မကပါဘူး။ အရှင်မြတ်ကြီးရဲ့ အလောင်းတော်ဘဝတုန်းက ဒီလိုတွေလည်းပဲ သစ္စာအမှန်စကားတွေကို အဓိဋ္ဌာန်ပြုပြီး ဆိုခဲ့ပါသေးတယ်။

အလောင်းတော်မြတ်က ပထဝီမြေကြီးကို သက်သေတည်၊ လက်က မြေကြီးကိုကိုင်၊ မျက်နှာကို သုတ်၊ ပြီးတော့မှ –

"ကျွန်ုပ်သည် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ မနေမဖြစ်လို့ နေနေရတဲ့ ဒီလောကကြီးထဲမှာ စိုးရိမ်ပူဆွေး ငိုကြွေးနေရတာဟာ တစ်ဦးတစ်ယောက်ကို လွန်လွန်ကဲကဲ ချစ်ခဲ့မိလို့ပါတဲ့။ ဖြစ်လေရာဘဝတိုင်းမှာ ဘယ်သူ့အပေါ်ကိုမှ လွန်လွန်ကဲကဲ မချစ်တော့ပါဘူး" ဆိုပြီးတော့ သစ္စာဆိုခဲ့ပါသေးတယ်၊ အဓိဋ္ဌာန်ပြုခဲ့ပါသေးတယ်။

ရဟန္တာမဖြစ်မချင်း မေတ္တာယောင်ဆောင်တဲ့ တဏှာရာဂကို ပယ်ထားတာ။ ရဟန္တာဆိုတာ တဏှာရာဂကို ပယ်လိုက်နိုင်တာပါ။ ရဟန္တာဖြစ်ပြီဆိုတော့လည်း ဒီမေတ္တာယောင်ဆောင်တဲ့ တဏှာရာဂက ဘယ်ပေါ်တော့မလဲ။ မရှိတော့ဘူးပေါ့။

သတိသံဝေဂ ရကြစမ်းပါ။

လောကကြီးမှာ အကုန်လုံး ဘယ်သူတွေကို ကြည့်ကြည့် ဧည့်သည်တွေပါပဲ။

ကိုယ်ကသာ အဟုတ်မှတ်ပြီး ကိုယ်ပိုင် ကိုယ်ပိုင်နဲ့ အိမ်ပိုင်လိုလိုထင်နေတာ။ ဒီဘဝကို အမြဲနေရတော့မယ်လို့ထင်နေတာ။ အမှန်ကတော့ ဧည့်သည်ပါ။

ဧည့်သည်ကို ကိုယ့်အိမ်မှာ တစ်သက်လုံးနေပါဦးလို့ လောကွတ်လုပ်ပြီး ပြောသလို၊ တစ်ဦးတစ်ယောက်ကိုသွားပြီး ချစ်ခင်နှစ်သက်မှုပိုနေရင် ကိုယ်ဘယ်လောက် အသုံးမကျသလဲ၊ ကိုယ်ဘယ်လောက်ရူးသလဲ။ သူများတွေကို လောကွတ်လုပ်ပြီး ဟန်ဆောင်ချစ်ဖို့ထက် ကိုယ့်ကိုယ်ကိုယ် ချစ်ဖို့က အရေးကြီးပါတယ်။

ကိုယ့်ကိုယ်ကိုယ် ချစ်မှ အသိဉာဏ်ရှိမှာပါ။ သတိဉာဏ်လက်ကိုင်ထားပြီး ကြိုးစားရမှာပါ။ ဟိုလိုလို ဒီလိုလိုနေရင် ကိုယ့်ကိုယ်ကိုယ် အမှန်တကယ်မချစ်ဘဲ ကိုယ့်ကိုယ်ကိုယ် မုန်းတာ၊ ကိုယ့်ကိုယ်ကိုယ် သတ်တာတဲ့။

ဘာလို့ ဟိုလူကိုချစ်လိုက်၊ ဒီလူကိုချစ်လိုက်နဲ့ ဟိုလိုလိုဒီလိုလိုနေမှာလဲ။ သမထဝိပဿနာဘာဝနာအလုပ်ကို ကြိုးစားစမ်းပါ။ တရားလက်ကိုင်ထားကြစမ်းပါ။

ပြောခဲ့ပါတယ်၊ သမထအလုပ်ဆိုတာ မိမိရဲ့စိတ်ကို ကမ္မဋ္ဌာန်းအာရုံမှတစ်ပါး အခြားအာရုံတစ်ပါးကိုပြောင်းရင် သမထအလုပ်ကပျက်ပါသတဲ့။

ဝိပဿနာအလုပ်ကျတော့ အာရုံတစ်ပါးကနေ အာရုံတစ်ပါးကို ပြောင်းပြောင်း၊ မပြောင်းပြောင်း အရေးမကြီးပါဘူး။ ကြုံသမျှ ဆုံသမျှ အာရုံကို စိတ်က သိနေတာဟာ စိတ်နဲ့အာရုံရဲ့ သဘာဝပါပဲ။

**(ဆက်လက်ဖော်ပြပါမည်)**

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ကံအကျိုးပေး၊ ကံအကျိုးပေးအစဉ်




ကျွန်တော်တို့သည် ယခုအခါ၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုလုပ်ပြီးပါက ထိုကံတို့က ကျွန်တော်တို့အား အစွမ်းသတ္တိလေးမျိုးဖြင့် အကျိုးပေးဖို့ နောက်ကလိုက်နေမှန်း သိကြရပေပြီ။

ထိုကုသိုလ်ကံနှင့် အကုသိုလ်ကံတို့ကို သူတို့ပြမည့် အစွမ်းသတ္တိကိုလိုက်ပြီး အမည်မှည့်ရလေသည်။ ဖြစ်စေဟူသော ဇနကသတ္တိနှင့် အကျိုးပေးသည့်ကံကို "ဇနကကံ"ဟုခေါ်၍ ထောက်ပံ့သတ္တိဖြင့် အကျိုးပေးသည့်ကံကို 'ဥပတ္ထမ္ဘကကံ' ဟု ခေါ်ရလေသည်။

ထို့နောက် 'နှိပ်စက်သတ္တိ' ရှိသည့်ကံကို 'ဥပပီဠကကံ'ဟုခေါ်၍ 'သတ်ဖြတ်သတ္တိ' ရှိသည့်ကံကို 'ဥပဃာတကကံ'ဟု ခေါ်ရလေသည်။

ကျွန်တော်တို့လုပ်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံတိုင်းသည် ကျွန်တော်တို့လုပ်စဉ်က ကံမြောက်မမြောက်၊ စိတ်လိုက်မာန်ပါရှိ မရှိ စသော အကြောင်းအချက်ပေါ်မူတည်ပြီး အစွမ်းထက်မြက်သည့် သဘောရှိကြလေသည်။ ဖော်ပြပြီး ကံလေးမျိုးတွင် ဇနကကံနှင့် ဥပစ္ဆေဒကကံတို့ကသာ အစွမ်းသတ္တိထက်မြက်ပြီး ကျန်ကံနှစ်မျိုးက အစွမ်းသတ္တိအားသေးသည်။

ဇနကကံသည် ကျွန်တော်တို့အား ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့၌ အကျိုးပေးသည်။ ပဝတ္တိအခါဟူသည် ပဋိသန္ဓေအခါနှင့် စုတေ (သေ)အခါတို့၏ အတွင်းကာလ၊ ကြားကာလကို ခေါ်ခြင်းဖြစ်သည်။ မျက်မြင်အားဖြင့် မွေးပြီးလူဖြစ်သည်မှ မသေမီစပ်ကြားကာလကို ခေါ်ခြင်းဖြစ်သည်။

ကုသိုလ် ဇနကကံက သုဂတိခေါ် လူ၊ နတ်တို့ဘဝတို့၌ဖြစ်စေပြီး လူ့ချမ်းသာ၊ နတ်ဖြပ်မှာချမ်းသာတို့ကိုခံစားစေအောင် အကျိုးပေးသည်။ အကုသိုလ်ဇနကကံကလည်း အပါယ်လေးဘုံမှာ ပဋိသန္ဓေသွားနေရပြီး အပါယ်အကျိုး၊ အပါယ်ဒုက္ခတို့ကို ခံစားစေသည်။

တစ်ခါ ဥပတ္ထမ္ဘကကံသည် သူကိုယ်တိုင် အကျိုးမပေး။ ဇနကကံ အကျိုးမပေးသေးလျှင် အကျိုးပေးအောင်၊ အကျိုးပေးနေပြီဖြစ်ပါကလည်း ထိုအကျိုးကိုထက်သန်လာအောင်၊ တစ်ခါ ထက်သန်နေပြီဆိုပါကလည်း ပိုပြီးဖွံ့ဖြိုးတိုးတက်လာအောင် အကျိုးပေးသည်။ ဇနကကံကို အားဖြည့်ပေးသည်။

သို့ဖြင့် အချို့ကံအကြောင်း နားလည်သူတို့သည် စီးပွားဥစ္စာတိုးတက်လာပါက ပြန်မကျသွားအောင်နှင့် တာရှည်လေးမြင့် တည်တံ့နေအောင် ကုသိုလ်များကို မကြာခဏ ပြုလုပ်ပေးလေ့ရှိသည်။ သဘောမှာ အတိတ်ဇနကကံ အကျိုးပေးနေသည်ကို ပို၍ပေးနိုင်အောင် ထိုအတိတ်ဇနက ကုသိုလ်ကံကို အခုလုပ်သော ကုသိုလ်ကံဖြင့် အားဖြည့်ပေးခြင်းဖြစ်သည်။ အကုသိုလ် အကျိုးပေးရာ၌လည်း ဤအတိုင်းပင်ဖြစ်သည်။

နောက်တစ်မျိုး ဥပပီဠကကံကမူ အကျိုးပေးနေသည့်ကံကို အကျိုးမပေးအောင်ကပ်ပြီး နှိပ်စက်သောကံဖြစ်သည်။ ကုသိုလ်ဥပပီဠကကံက အကုသိုလ်အကျိုးပေးသောကံကို နှိပ်စက်ပြီး အကုသိုလ်ဥပပီဠကကံက အကျိုးပေးနေသောကုသိုလ်ကံကို အကျိုးမပေးအောင်ကပ်ပြီး နှိပ်စက်သည်။ သို့ဖြင့် အချို့စီးပွားဥစ္စာကျလာခြင်း၊ ရောဂါဘယဖြစ်လာခြင်း စသည်နှင့်ကြုံလာပါက အကုသိုလ် ဥပပီဠကကံ နှိပ်စက်မှန်းနားလည်ပြီး ကုသိုလ်ကံကို ဖိလုပ်ပေးကြသည်။ သဘောမှာ မိမိထံတိုးဝင်လာသော အကုသိုလ်ကံကို ပြန်လှန်နှိပ်စက်ရန်ဖြစ်သည်။

နောက်တစ်မျိုး ဥပစ္ဆေဒကကံကမူ ကိုယ်တိုင် အကျိုးပေးသည်။ မမျှော်လင့်ဘဲ ပစ္စည်းဥစ္စာ စုလိုက်ပုံလိုက်ရခြင်းမျိုးနှင့် အကောင်းပကတိက ရုတ်တရက် သေဆုံးသွားရခြင်း စသည်တို့သည် ဥပစ္ဆေဒကကံ၏ လက်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် ကံသဘောကို အထိုက်အလျောက် သိအောင်လေ့လာပြီး ကုသိုလ်ကံတို့ကိုသာ များများ ဖိလုပ်သွားသင့်ပေသည်။

## ကံအကျိုးပေးအစဉ်

ကျွန်တော်တို့ကံတွေကို တရစပ်ပြုခဲ့သည်ကြောင့် ထိုကံတို့က အကျိုးပေးတော့မည်မို့ အကျိုးပေးရာ၌ အစဉ်အတိုင်း အကျိုးပေးကြပုံကိုစွဲ၍ အကျိုးပေး အစဉ်နှင့်စပ်ပြီး ကံအမည်လေးမျိုး ခွဲထားသည်။ ထိုလေးမျိုးက–

၁။ ဂရုကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ တို့ဖြစ်သည်။

ထိုလေးမျိုးအနက် ဂရုကံဟူသည် ကြီးလေးသောကံမျိုးဖြစ်သည်။ ကုသိုလ်အရာ၌ ဟဂ္ဂုတ်ကံများ ဖြစ်ပြီး အကုသိုလ်အရာတွင် အာနန္တရိယ ကံကြီးငါးပါးတို့ဖြစ်သည်။ အာနန္တရိယကံဟူသည် သေသည်၏ အခြားမဲ့၌ ဘယ်ကံ၊ ဘယ်ပုဂ္ဂိုလ်ကမှ အကျိုးမပေးအောင် တားမြစ်လို့မရသောကံမျိုးဖြစ်သည်။

ထိုကံမျိုးက–

၁။ အမိသတ် (မာတုဃာတက)

၂။ အဖသတ် (ပိတုဃာတက)

၃။ ရဟန္တာသတ် (အရဟန္တဃာတက)

၄။ ဘုရားရှင်ကို သွေးဖြစ်အောင်ပြု (လောဟိတုပ္ပါဒက)

၅။ သံဃာအချင်းချင်းသင်းခွဲ(သံဃဘေဒက)တို့ ဖြစ်သည်။

ထိုငါးမျိုးအနက် တစ်မျိုးမျိုးကျူးလွန်ပါက သေသည်နှင့် အဝီစိငရဲသို့ တန်းကျသည်။

သို့သော် ထိုငါးမျိုးအနက် သံဃဘေဒကကံက အပြစ်အကြီးဆုံးဖြစ်သည်။ ဒုတိယအကြီးဆုံးအပြစ်က အရဟန္တဃာတကကံဖြစ်သည်။

အမိသတ်နှင့် အဖသတ်တွင်မူ သီလရှိသူက ပိုအပြစ်ကြီးသည်။ အမိသီလရှိက အမိသတ်၊ အဖသီလရှိက အဖသတ်မှုက အပြစ်ကြီးသည်။ နှစ်ဦးစလုံး သီလရှိသည်ချင်းတူညီသော် အမိသတ်မှုက ပိုအပြစ်ကြီးသည်။

သို့ဖြင့်ထိုကြောက်စရာကောင်းလှသောကံကြီးငါးမျိုးမထိုက်မိအောင်အမြဲသတိရှိသင့်လှပေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

❂ **တောင်ပင်လယ်မှ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော မြင်းခြံမြို့နှင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာပိုမိုကောင်းမွန်လာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ၏ လယ်ယာသုံး သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ရန်နှင့် ရေဝေရေလဲဒေသများနှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက် သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ ဖွတ်၊ ပဒက်၊ တောကြောင်၊ ငုံး၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန် မျှတလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

❍ **MFF မှ**

YRG အသင်းတို့က နှစ်ဂိုးစီသရေ။ M2K အသင်းနှင့် YCDC Marga အသင်းက သုံးဂိုးစီသရေကျခဲ့သည်။

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားပြီး လက်ရွေးစင်အဆင့်ကစားသမားများ၊ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားသည့် MH Dream Team အသင်းနှင့် YRG အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ သရေကျခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်းသည် Generations အသင်းကို အရေးနိမ့်ပြီး နှစ်ပွဲဆက် အရေးနိမ့်သော်လည်း MIU အသင်းသည် လေးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် MIU အသင်းက ၁၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MH Dream Team အသင်းနှင့် Generations အသင်းတို့က ရှစ်မှတ်စီ၊ M2K အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga တို့က လေးမှတ်စီ၊ YRG အသင်းနှင့် SGF အသင်းတို့က သုံးမှတ်စီ၊ Winner Soccer အသင်းက နှစ်မှတ် ရရှိထားသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

## ပုဂံမြို့၊ သီရိပစ္စယာရပ်၊ လောကနန္ဒာ စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ရှိ အေဒီ(၁၁)ရာစု၊ အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့မှ (၉x၉)လက်မ ပတ်လည်တစ်ချပ်လျှင် ၆၅၀၀၀ကျပ်ဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက လောကနန္ဒာဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လောကနန္ဒာဂေါပကအဖွဲ့ရုံး**
**ဖုန်း-၀၉-၂၀၄၂၆၀၉၊ ၀၉-၄၀၂၅၀၀၃၈၂၊ ၀၉-၂၅၉၀၁၁၁၀၈**
**လောကနန္ဒာစေတီတော်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၁-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတောင်ဥက္ကလာပမြို့နယ်GPဦးအုန်းလှိုင်၏ပိုင်ဆိုင်မြေပုံကူးတွင်မြေကွက်အမှတ်၉၃၂အစားမြေကွက်အမှတ်-၉၃၂/ခ ဟုအမှန်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူဒေသ၊ အုတ်တွင်းမြို့နယ်နှင့် ပြည်ဒေသ၊ ပန်းတောင်းမြို့နယ်များရှိ ကြိုးဝိုင်း/သစ် ကွက်များမှ သတ်မှတ်သစ်ဆိပ်သို့ အငှားကားတိုက်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၂၅ရက်မှ ၁၅-၁-၂၀၂၅ရက်

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၆-၁-၂၀၂၅ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့် နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၅။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၆။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း -၀၉-၄၀၄၄၅၅၉၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာဈေး (၃)လမ်း၊ အမှတ်(၁၃၆)ရှိ တိုက်၏ ပထမထပ် (၂)လွှာ တိုက်ခန်းမျက်နှာမူလျှင်(ညာ)၊ အကျယ်အဝန်း(၁၇ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးတင်အောင်ထွေး[၁၄/မအန(နိုင်)၁၈၈၅၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်-(၂၄-အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၉၆၆၆၆၃၇၆၇**

## အမည်(၂)မျိုးနှင့် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ပွင့်ပိုပိုပိုင်၏ အမည်အား နိုင်ငံသားမှတ်ပုံတင်တွင် ဒေါ်ပွင့်ပိုပိုပိုင်ဖြစ်ပြီး သန်းခေါင်စာရင်းတွင် ဒေါ်ချိုဇင်သက် (ခ) ဒေါ်ပွင့်ပိုပိုပိုင်ဟု အမည်(၂)မျိုးဖြစ်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပွင့်ပိုပိုပိုင်**
**[၁၂/သဃက(နိုင်) ၁၉၃၄၈၈]**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ လူနေရပ်ကွက်အမှတ်-ထ/၁၆၊ ရတနာ(၂)လမ်း၊ မြေကွက်အမှတ်(၁၁၉-ခ) ဟုခေါ်တွင်သော (၂၀ x ၆၀)ပေရှိ ဦးဝင်းနိုင်အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမင်းဇော်[၁၂/မရက(နိုင်)၀၂၈၆၆၅] ကိုင်ဆောင်သူသည် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူကာ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးစံ [၁၂/အစန(နိုင်) ၁၈၈၅၇၈]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)အထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝေဖြိုးစံ**
**[၁၂/အစန(နိုင်)၁၈၈၅၇၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဒါလီအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၈၆)**
**အမှတ်-၈၀၇၊ သာစည်လမ်း၊ ၁၀/၃၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ (၀၉-၂၅၈၃၁၇၂၇၁)**

## ဦးဖြိုးကျော်သူ[၇/ဇကန(နိုင်)၀၆၀၂၀၇]နှင့် အများသိစေရန် အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင်ထွေး[၇/ဇကန(နိုင်)၀၅၅၈၀၃]နှင့် ဦးဖြိုးကျော်သူတို့သည် ဖခင် ဦးကြီးမြင့်နှင့် မိခင် ဒေါ်ညွန့်ညွန့်သန်းတို့မှ မွေးဖွားပြီး ညီအစ်ကိုအရင်းတော်စပ်ပါသည်။ ၎င်းတို့ ညီအစ်ကိုနှစ်ဦးမှာ အိမ်ထောင်များရှိကြပြီး၊ ကိုယ့်မိသားစု၊ ကိုယ့်အိမ်ရာနှင့်ကိုယ်သာ သီးသန့်နေထိုင်ကြပါသည်။ စီးပွားရေးသည်လည်း ကိုယ့်စီးပွားရေးနှင့်ကိုယ်သာ သီးသန့်ဖြစ်ပါသည်။ ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် စီးပွားရေးပူးတွဲလုပ်ကိုင်ခြင်း အလျှင်းမရှိပါ။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာနဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်းနံပါတ် – ၀၆၇–၃၄၀၇၇၂၆၊ ၀၆၇–၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၁)နေ (ဘ)ဦးဆာမိ(ခ)ဦးငွေသိန်း၏သား ဦးစိုးနိုင် [၁၂/သလန(စ)၀၀၀၁၆၇]၏လွှဲအပ်ညွှန်ကြားချက်အရ –

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ကျိုက်ဗောဓိတောင်ကွက်၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၁၄. ၇၁၅)ဧကအတွင်းမှ မြေပေါ်တွင်(က)အမှတ်ပြ ဧရိယာ(၀. ၁၅၆)၊ (အလျားxအနံ) (၈၀ပေx၈၅ပေ)ရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်ရေမီးအစုံပါဝင်သည့် (၁) (အလျားxအနံ) (၇၀ပေခန့်xပေ၃၀ခန့်)ရှိ တိုက်တစ်လုံး၊ (၂) ကွန်ကရစ်ခင်း၊ သစ်သားကာ၊ သွပ်မိုးနှစ်ထပ် (အလျားxအနံ) (၂၀ပေx၃၀ပေ)ခန့်ရှိ နှစ်ထပ်ဂိုဒေါင်တစ်လုံး အကျိုးခံစားခွင့်နှင့် ၎င်းအိမ်ခြံမြေကွက်၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန်းဝင်း [၁၂/ကမတ(နိုင်)၀၂၁၂၇၇]၊ ဒေါ်မြကလျာမင်း[၁၁/စတန(နိုင်)၀၅၄၂၀၂]တို့မှ မှတ်ပုံတင် စာချုပ်အဆက်စပ်များဖြင့် ပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ်ပြုနိုင်ခြင်း၊ ဝယ်ယူသူ အမည်ပေါက် အမည်ပြောင်း မှတ်ပုံတင်စာချုပ်ကိစ္စအတွက် လက်မှတ်ထိုး၊ လက်ဗွေနှိပ်ပေးခြင်းနှင့် အထက်လိပ်စာပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်၊ တာဝန်ယူနိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းပြီး မိမိတို့သာ ပိုင်ဆိုင်ထားကြသူများဖြစ်ပါသောကြောင့် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေအား အထက်လိပ်စာပါ အိမ်ခြံမြေကွက်နှင့် မြေပေါ်/မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုရန် ကမ်းလှမ်းပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း သဘောတူပါသောကြောင့် အရောင်းအဝယ်၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အမွေရပိုင်ခွင့်ရှိခြင်း၊ ပူးတွဲ ပိုင်ဆိုင်ခွင့်ရှိခြင်း၊ ကျေနပ်မှုမရှိခြင်း၊ သဘောတူညီမှုမရှိခြင်း ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံအထောက်အထား ခိုင်လုံသည့် စာရွက်စာတမ်း၊ အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ပြီးပြည့်စုံပြီး အရှုပ်အရှင်းကင်းသည့် အရောင်းအဝယ်ဟုယူဆပြီး အရောင်းအဝယ်နှင့်ပတ်သက်သည့်ကိစ္စ အဝဝကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးနိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုချိုလင်း LL.B, H.G.P, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၁၁)**
**အမှတ်(၁၆)၊ ပန်းတိမ်တန်းလမ်း၊**
**မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၅၀၀၃၆၂၄၀၊ ၀၉– ၄၄၃၂၁၁၅၉၁၊ ၀၉–၇၈၆၂၃၂၃၂၉**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

(၄–၁–၂၀၂၅)ရက် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်–၁/၂၀၂၅ ဖြင့် ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဖြစ်တော်မူကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ်ဆရာတော် **ဒေါက်တာဘဒ္ဒန္တကုမာရ**အား **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် **ဘဒ္ဒန္တပညာသာရာဘိဝံသ**အား **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ချီးမြှင့်တော်မူခဲ့ခြင်းအတွက် ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း ။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## အမည်ပြောင်း

ရန် ကုန် တိုင်း ဒေ သ ကြီး၊ သန်လျင်မြို့နယ်၊ (ဘ) ဦးဌေးဝင်း [၁၄/ဝခမ(နိုင်)၀၇၈၅၄၈]၊ (မိ) ဒေါ်မွန်မွန်အေး [၁၂/ဥကတ (နိုင်)၀၆၂၁၆၈]၏ သမီး မလှမျိုးဆွေအား မရွှန်းလဲ့မွန်ဟု ပြောင်းလဲခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀–၁၂–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၆)ဦးတင်မောင်ဦး+၆၏အမည်ပြောင်းတွင် မြေတိုင်း–၄၄သမိုင်းအစားမြေတိုင်း ၁၁သမိုင်းဟုအမှန်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကြည်စိန်၏ သား ကျွန်တော် ဇေယျာမျိုး[၁၂/ဥကတ(နိုင်)၁၇၉၅၂၆] ၏ CDC(၈၅၇၇၇)ပင်လယ်ပြင်လုပ်သက်စာရွက် testimonial (၁)စောင် (23–12–2015မှ 2–10–2016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၉၀၈၉၅၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ Star City Thanlyin အိမ်ရာဝင်းအတွင်းရှိ B–5 (618) Condo အခန်းအား ပိုင်ဆိုင်သူ ဦးကိုကိုကြီး [၁၂/ဥကတ(နိုင်) ၀၂၅၃၆၂]အမည်မှ သားဖြစ်သူ ဦးမျိုးသိန်း [၁၂/ဥကတ (နိုင်)၀၅၆၁၂၅]အမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း အထောက်အထား အပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးမျိုးသိန်း [၁၂/ဥကတ(နိုင်)၀၅၆၁၂၅]**
**ဖုန်း–09–5118595**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၅၈)၊ ၈ လွှာ(ဘီ)၊ (၁၂ ၁/၂ ပေx၅၀ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်သူ ဦးစိုးထွန်းလင်း[၁၂/အစန(နိုင်)၀၁၄၅၁၈] ထံမှ ကျွန်မ ဒေါ်ခင်ချို[၉/မလန(နိုင်)၀၆၅၇၆၆]မှ ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချို [၉/မလန(နိုင်)၀၆၅၇၆၆]**
**အမှတ်(၁၂၃)၊ (၃)ထပ်၊ ဗိုလ်ရွဲလမ်း၊ (၆)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးရှိ အောက်ဖော်ပြပါဆိုင်ခန်းများမှ နှစ်ဦးသဘောတူ အရပ်ကတိစာချုပ်ဖြင့် အရောင်း/အဝယ် ပြုလုပ်ကြပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား ဤကြေညာပါသည့်နေ့မှ ( ၁၄ )ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| စဉ် | ရုံ အမှတ် | ဆိုင် အမှတ် | မူလအမည် | လျှောက်ထားသူ အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| ၁ | က/ပြင် | ၆ | ဦးမောင်မောင်သိုင်း | ဒေါ်စန်းစန်းဝင်း | ၁၂/ပဇတ(နိုင်)၀၀၆၀၉၅ |
| ၂ | က/ပြင် | ၄၄ | ဒေါ်စန်း | ဒေါ်ဖရီဒါဘီဘီ | ၁၂/မဂတ(နိုင်)၀၉၆၁၈၀ |
| ၃ | ခ/တွင်း | ၄၁ | ဒေါ်ခင်ရွှေ | ဦးဇေယျာထွန်း | ၁၂/သဃက(နိုင်)၂၀၃၇၁၃ |
| ၄ | ခ/တွင်း | ၆၅ | ဦးကျင်ရွှေ | ဒေါ်မာရီမာ | ၁၂/ပဇတ(နိုင်)၀၁၇၈၃၁ |
| ၅ | ခ/တွင်း | ၁၁၃ | ဦးရွှေလှ | ဦးဇေယျာဝင်း | ၁၂/သဃက(နိုင်)၁၈၆၃၄၄ |
| ၆ | ခ/တွင်း | ၁၁၀ | ဦးတင်ဌေး | ဒေါ်ရင်ရင်ဌေး | ၁၂/သကတ(နိုင်)၀၀၂၅၆၇ |
| ၇ | ခ/တွင်း | ၁၃၂ | ဦးတင်ဌေး | ဒေါ်ရင်ရင်ဌေး | ၁၂/သကတ(နိုင်)၀၀၂၅၆၇ |
| ၈ | ခ/တွင်း | ၁၃၃ | ဦးတင်ဌေး | ဒေါ်ရင်ရင်ဌေး | ၁၂/သကတ(နိုင်)၀၀၂၅၆၇ |
| ၉ | ခ/တွင်း | ၁၁၁ | ဦးသိန်းဌေးအောင် | ဒေါ်ဝင်းဝင်း | ၁၂/မဂဒ(နိုင်)၀၈၂၅၂၆ |
| ၁၀ | ခ/တွင်း | ၁၁၂ | ဒေါ်စိန်မှုံ | ဒေါ်ဝင်းဝင်း | ၁၂/မဂဒ(နိုင်)၀၈၂၅၂၆ |
| ၁၁ | ခ/တွင်း | ၁၂၈ | ဒေါ်ကြည်ကြည်ခင် | ဦးအောင်ဇော်မြင့် | ၁၂/မဂတ(နိုင်)၀၃၇၄၈၃ |
| ၁၂ | ဂ/ပြင် | ၂၉ | ဒေါ်ဘေဘီဝင်း | ဒေါ်မိုးမိုးစိန် | ၉/သေရ(နိုင်)၀၀၂၄၄၁ |
| ၁၃ | ဈေးချို–၄ | ၂၀ | ဒေါ်ရင်မြ | ဒေါ်မေသက်ဇင် | ၁၂/မဂတ(နိုင်)၀၈၃၀၄၀ |
| ၁၄ | စားသောက် | ၇၅ | ဒေါ်လှကြည် | ဦးဟန်ဇော်ဦး | ၁၂/ဒပန(နိုင်)၀၃၇၅၇၃ |
| ၁၅ | စားသောက် | ၇၆ | ဒေါ်လှကြည် | ဦးဟန်ဇော်ဦး | ၁၂/ဒပန(နိုင်)၀၃၇၅၇၃ |
| ၁၆ | ယာယီ–ဉ | ၁၁ | ဒေါ်ခင်ပြုံးကြည် | ဒေါ်ချိုချိုဝင်း | ၁၂/ပဇတ(နိုင်)၀၃၀၉၃၀ |
| ၁၇ | ယာယီ–ဉ | ၁၂ | ဒေါ်ခင်ပြုံးကြည် | ဒေါ်ချိုချိုဝင်း | ၁၂/ပဇတ(နိုင်)၀၃၀၉၃၀ |
| ၁၈ | သား/ငါး | ၉ | ဒေါ်စီစီဝင်း | ဒေါ်စန်းစန်းဝင်း | ၁၂/ဒပန(နိုင်)၀၁၈၈၀၀ |

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏ ဖုန်း–၀၉–၄၂၁၀၃၁၉၉၀**

# အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၅ ရက်နေ့ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၅ ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အမျိုးသားစာပေဆုရှင်၊ အကယ်ဒမီဆုရှင် အလင်္ကာကျော်စွာစန္ဒရားဦးလှထွတ်နှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်များတွင် နေထိုင်လျက်ရှိကြသော ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် (၁) ဒေါ်ခင်ဖုန်းထွဋ် [၉/မရမ(နိုင်)၀၃၈၇၉၈]၊ (၂) (အကယ်ဒမီဇော်မျိုးထွဋ်)၊ (၃) ဒေါ်ခင်မေထွဋ် [၁၂/ရကန(နိုင်)၀၁၆၆၁၆]၊ (၄) ဒေါ်ခင်မြတ်ထွဋ်[၁၂/ရကန(နိုင်)၀၁၆၆၁၅]တို့သည် မိဘများဖြစ်ကြသော နိုင်ငံကျော်တေးရေးပညာရှင်ကြီး၊ အဆိုနှင့် စန္ဒရားပညာရှင်ကြီး၊ အမျိုးသားစာပေဆုရှင်၊ အကယ်ဒမီဆုရှင်၊ အလင်္ကာကျော်စွာ စန္ဒရားဦးလှထွတ်နှင့် အဆိုတော်ဒေါ်သောင်းသောင်းနုတို့မှ မွေးဖွားလာသူများဖြစ်ကြကာ ဖခင်ကြီးနှင့် မိခင်ကြီးတို့ကွယ်လွန်ပြီးနောက်ပိုင်းတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ အမွေဆက်ခံပိုင်ခွင့်ဥပဒေအရလည်းကောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိလာကြသည့် မူပိုင်ခွင့်ပိုင်ဆိုင်ခွင့်ရှိသူများ၊ အမွေခံများ ဖြစ်ကြပါသည်။

ဖခင်ကြီးသက်ရှိထင်ရှားရှိစဉ် ရေးစပ်၊ သီကုံး၊ သီဆို၊ တီးခတ်ခဲ့သည့် တေးသီချင်းများ၊ တေးသီချင်းစာသားများ၊ သံစဉ်များ၊ တီးလုံးတီးကွက်များ၊ စာအုပ်စာပေများအပါအဝင် အခြားအခြားအသီးသီးသော အနုပညာလုပ်ငန်း ရပ်များ၊ ဉာဏပစ္စည်းများနှင့်ပတ်သက်၍ မည်သူမဆို စီးပွားရေးအရဖြစ်စေ (သို့မဟုတ်) မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ၊ Youtube နှင့် Digital Platform များ၊ Online Media များတွင် (အပျော်တမ်းသီဆိုခြင်းများမှလွဲ၍) လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြသော သမီးများထံမှ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာရယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုလုပ်ကြပါရန် တားမြစ်၊ ကန့်ကွက်၊ အသိပေးအပ်ပါသည်။ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ဆွေ LL.B, CBDS, DLP.WiPo (Switzerland) Dip in Eng, MA (Music)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၅၆၄၁)**
**အမှတ်(၁၀၅)၊ နှင်းဆီလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**Phone – 09 974534333, 09 693661106**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### မရမ်းကုန်းခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၇၁

| | | |
|---|---|---|
| CB Bank PCL (ယခင်သမဝါယမဘဏ်လီမိတက်) (၎င်းကိုယ်စားလက်ထောက် အထွေထွေမန်နေဂျာ ဒေါ်တင်တင်မိုး) | နှင့် | ၁။ ဒေါ်ကျင်လန်(ခ)ဒေါ်ဂျူန်းလှိုင် (ကွယ်လွန်သူဦးလှရှု၏ဇနီး) ၂။ ဒေါ်မြအေး ၃။ ဒေါ်ပန်းရွှေ ၄။ ဦးထွန်းရွှေ (ကွယ်လွန်သူဒေါ်ရွှေ၏သား/သမီးများ) |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၃၈/ခ)နေ (၁)တရားပြိုင်ဒေါ်ကျင်လန်(ခ)ဒေါ်ဂျူန်းလှိုင် (ကွယ်လွန်သူဦးလှရှု၏ဇနီး) (ယခုနေရပ်လိပ်စာမသိ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၈)၊ ပထမထပ်နေ (၃)တရားပြိုင်ဒေါ်ပန်းရွှေ(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်(၅၁)၊ (၅-လွှာ)နေ (၄)တရားပြိုင်ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ငွေပေါင်း-၁၄၈,၅၀၄၉၁၃ကျပ် ၂၉ ပြားရရန်အတွက် အပေါင်ပေးထားသောပစ္စည်းများအား ရောင်းချပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့ (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်)**နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အိမ်အမှတ်(၆)နေ ဦးအဗ္ဗဒွလ်ကာဒိရ် (ခ) ဦးတင်မောင် [၁၂/စခန(နိုင်)၀၅၃၇၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးအဗ္ဗဒွလ်ကာဒိရ် (၁) ဦးတင်မောင် (ဘ) ဦးဇရီရာသီမက်နှင့် ဒေါ် ခတီဂျာဟ်ဘီ (ခ) ဒေါ်ဖြူဖြူဝင်း (ဘ) ဦးတင်ငွေ [၁၃/လခန(နိုင်)၀၅၉၅၀၆]တို့သည် (၁၃-၅-၂၀၀၇)ရက်နေ့တွင် အစ္စလာမ်တရားတော်နှင့်အညီ နိကာဟ်မင်္ဂလာထိမ်းမြားပြီးနောက် သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်း ကျွန်ုပ်အမှုသည် ဦးတင်မောင်နှင့် ဒေါ်ဖြူဖြူဝင်းတို့သည် အိမ်ထောင်ရေးအဆင်မပြေသဖြင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန်ဆန္ဒမရှိတော့သဖြင့် (၂၉-၆-၂၀၂၄)ရက်နေ့တွင် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ ခုံလူကြီးများရှေ့မှောက်တွင် သွာလာက်ပေးအပြီးအပိုင်ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သွာလာက်ပေးအပြီးအပိုင်ကွာရှင်းခဲ့ပြီးဖြစ်သည့်အတွက် နောက်နောင်တစ်ဦးနှင့်တစ်ဦးတွင် စီးပွားရေး၊ လူမှုရေး နှင့် ပစ္စည်းပိုင်ဆိုင်ပတ်သက်မှုများ လုံး၀ (လုံး၀) မရှိတော့သဖြင့် ကျွန်ုပ်အမှုသည် ဦးတင်မောင်အား အနှောင့်အယှက်တစ်စုံတစ်ရာပေးခြင်းများ ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုလင်း LL.B, H.G.P, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၁၁)**
**အမှတ် (၄၇) ၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၂၅၀၃၅၆၃၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

(၁) ဒေါ်စန်းကျင်[၁၂/သခန(နိုင်)၀၅၉၉၆၅]၊ (၂) ဦးဇော်မင်း[၁၂/ဥကတ(နိုင်)၀၅၇၂၂၈]၊ (၃) ဦးသန်းမင်း [၁၂/ဥကတ(နိုင်)၀၅၇၂၀၄] နှင့် (၄)ဒေါ်စောတီ[၁၂/ဥကတ(နိုင်)၀၅၂၉၆၆]တို့မှ အမည်ပေါက်ပိုင်ဆိုင်ကြသော်လည်း ယင်းမြေ၏ လုပ်ပိုင်ခွင့်အရပ်ရပ်တို့အား မိသားစုအမွေပုံစီမံ ခန့်ခွဲမှု သဘောတူကတိစာချုပ်ဖြင့် ဦးသန်းမင်းမှ အပြည့်အ၀ စီမံခန့်ခွဲပိုင်ခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၇)လမ်း၊ အမှတ်(၉၅၀/ခ) (အလျား ၂၀ပေ x အနံ ၆၀ပေ)အကျယ်အ၀န်းရှိ နှစ်(၆၀)ဂရန်မြေ၏ ပိုင်ဆိုင်မှုနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦမှ ဦးသန်းမင်း [၁၂/ဥကတ(နိုင်)၀၅၇၂၀၄] တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်သော မြေညီတိုက်ခန်း (အလျား ၁၇ ပေ x အနံ ၅၄ ပေ) တို့အား ရောင်းချသူ ကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မဖြိုးစန္ဒာမြင့် [၁၂/ဥကတ(နိုင်)၁၁၄၀၃၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **LL.B, D.B.L, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **LL.B WIPO (Switzerland)** | **LL.B WIPO (Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် LL.B**
**(အထက်တန်းရှေ့နေ) (စဉ်-၄၄၃၉၃)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ (ဂိုးဒန်း စီးတီးအိမ်ယာ)၊ အမှတ် ၁၂၀၃ နေ ဒေါ်စိမ်းလဲ့အောင် (ခ) ဒေါက်တာစိမ်း (၁၂/ ရကန(နိုင်) ၀၆၆၁၃၉) ကိုင်ဆောင်သူသည် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်မဒေါ်စိမ်းလဲ့အောင်သည် ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးမြင့် (၁၃/လရန (နိုင်) ၁၂၇၅၂၈)နှင့် (၆.၁.၂၀၂၅) ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ တရားရုံးတော်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ထို့ကြောင့် ယနေ့မှစ၍ဦးအောင်မျိုးမြင့် နှင့်ပတ်သက်သော လူမှု ရေးအရှုပ် အရှင်းများနှင့် ငွေကြေးအရှုပ်အရှင်းများကို ကျွန်မ ဒေါ်စိမ်းလဲ့အောင်မှ တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ကြောင်း ဦးအောင်မျိုးမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်စိမ်းလဲ့အောင် (ခ)ဒေါက်တာစိမ်း
(၁၂/ရကန(နိုင်) ၀၆၆၁၃၉)

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက်အမှတ်-၂၁ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ (၆)လွှာ(ဘီ)၊ (ယာ)ဘက်ခြမ်း၊ ခြေရင်းခန်း၊ အလျား-၁၂ ½ ပေx အနံ-၅၀ ပေအကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးသူရထွန်း [၁၂/ဥကမ(နိုင်)၂၂၆၈၉၉]+(၁)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**တိုက်အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence, အခန်း-၂၀၂၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ မြေကွက်အမှတ်-၄၀၄၊ ဧရိယာ (၄၀ ပေ x ၆၀ ပေ)ရှိ ဦးချစ်ဆွေ [DF-၀၀၈၄၇၇၊ ၁၂/အစန(နိုင်)၀၁၂၉၈၀]အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးညီညီအောင် [၁၂/လသန(နိုင်)၀၂၃၀၇၀] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** | **ဒေါ်ဝင်းဇင်ဖြူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-(၁၆၂၆၂)** | **စဉ်-(၅၅၈၁၉)** | **စဉ်-(၅၂၅၁၂)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

"ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ်-၀၅၊ အခန်းအမှတ် (၀၀၁) မြေညီထပ်တိုက်ခန်း" သည် ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ယခုရောင်းချသူ ဒေါ်ယုဇနကြည် အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန် သဘောတူညီသဖြင့် ယင်းတိုက်ခန်း၏ ကာလတန်ဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးလည်းဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အိအိမြင့်** | **ဦးဇော်မင်းဦး LL.B** |
| **[၁၂/မရက(နိုင်)၁၆၇၉၄၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)** |
| **ဦးအေးမင်းနိုင်** | **အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊** |
| **[၁၂/စခန(နိုင်)၀၅၈၃၁၃]** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၈၆၆၄၀၇** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်၊ နယ်မြေ(၈)၊ ရွာလယ်လမ်းမကြီး၊ အမှတ်(၅၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၃၄ ပေ x ၉၀ ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားနေထိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူများဖြစ်ကြသော ဒေါ်တင်နု(ဘ)ဦးဘိုးထောင် [၁၂/သလန(နိုင်)၀၅၇၅၆၆]နှင့် ဦးကျော်စန်းဦး(ဘ)ဦးတင်ဦး[၁၂/သလန(နိုင်)၀၉၆၄၉၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ် ၈၃/၁၀ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-402698729**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၄)လမ်း၊ အမှတ်(၈၁၄)ဟု ခေါ်တွင်သော မြေကွက်ပေါ်၌ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၄)ထပ်တိုက်၏ တတိယထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်းအလျား ၁၀ ½ ပေ x အနံ ၄၆ ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင် ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုဆိုသူ ဦးခင်လေးကျော် [၆/လလန(နိုင်)၀၇၀၉၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၄၈)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၀၉၉၁**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**"(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်"**

**ပထမနေ့အစီအစဉ်**

(က) ကျင်းပမည့်နေ့ - ၁-၂-၂၀၂၅ ရက် (စနေနေ့)
(ခ) ကျင်းပမည့်အချိန် - ပ-နံနက် (၉:၀၀)နာရီ
(နံနက်ပိုင်းအစီအစဉ်) - မဟာဝိဇ္ဇာဘွဲ့
(မြန်မာစာ၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့်သုတပညာ)
- မဟာသိပ္ပံဘွဲ့
(ရူပဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့
(မြန်မာစာ၊ ပထဝီဝင်၊ စာကြည့်တိုက်နှင့်သုတပညာ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့)
(ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ)
- ဝိဇ္ဇာဘွဲ့
(မြန်မာစာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ စာကြည့်တိုက်နှင့် သုတပညာ)
- သိပ္ပံဘွဲ့
(ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ)
(မွန်းလွဲပိုင်းအစီအစဉ်) - ပ-မွန်းလွဲ (၂:၀၀)နာရီ
- မဟာဝိဇ္ဇာဘွဲ့
(အင်္ဂလိပ်စာ)
- မဟာသိပ္ပံဘွဲ့
(ဓာတုဗေဒ၊ သတ္တဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့
(အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့
(ဓာတုဗေဒ၊ သတ္တဗေဒ)
- ဝိဇ္ဇာဘွဲ့
(အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ)
- သိပ္ပံဘွဲ့
(ဓာတုဗေဒ၊ သတ္တဗေဒ)

၂။ ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
၃။ အစမ်းလေ့ကျင့်ပွဲ ကျင်းပမည့်နေ့ရက် - ၂၈-၁-၂၀၂၅ (အင်္ဂါနေ့)
၄။ အစမ်းလေ့ကျင့်ပွဲ ကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ

**ဒုတိယနေ့အစီအစဉ်**

(က) ကျင်းပမည့်နေ့ - ၂-၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပမည့်အချိန် - ဒု-နံနက် (၉:၀၀)နာရီ
(နံနက်ပိုင်းအစီအစဉ်) - မဟာဥပဒေဘွဲ့
- မဟာဝိဇ္ဇာဘွဲ့
(နိုင်ငံတကာဆက်ဆံရေးပညာ)
- မဟာသိပ္ပံဘွဲ့
(သင်္ချာ၊ ရုက္ခဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့
(စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံ(ဂုဏ်ထူးဘွဲ့)
(သင်္ချာ၊ ရုက္ခဗေဒ)
- ဥပဒေဘွဲ့
- ဝိဇ္ဇာဘွဲ့
(စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံဘွဲ့
(သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ)

၅။ ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
၆။ အစမ်းလေ့ကျင့်ပွဲ ကျင်းပမည့်နေ့ရက် - ၂၈-၁-၂၀၂၅ (အင်္ဂါနေ့)
၇။ အစမ်းလေ့ကျင့်ပွဲ ကျင်းပမည့်အချိန် - မွန်းလွဲ(၁:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်ကတ်နှင့် ဘွဲ့ဝတ်စုံထောက်ခံစာများအား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် (၂၄-၁-၂၀၂၅)ရက်နေ့မှ (၂၆-၁-၂၀၂၅)ရက်နေ့ထိ ထုတ်ပေးမည်ဖြစ်ပါသည်။

**သက်သက်ဝေ**
**(ဌာနမှူး၊ သင်တန်းရေးရာ)**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဝေးသင် သင်တန်း တတိယအကြိမ် ဘွဲ့နှင်းသဘင်အစီအစဉ်

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(အဝေးသင် သင်တန်း) တတိယအကြိမ် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**"တတိယအကြိမ် ဘွဲ့နှင်းသဘင်"**

**ပထမနေ့အစီအစဉ်**

(က) ကျင်းပမည့်နေ့ - ၃-၂-၂၀၂၅ ရက် (တနင်္လာနေ့)
(ခ) ကျင်းပမည့်အချိန် - ပ-နံနက် (၉:၀၀)နာရီ
(နံနက်ပိုင်းအစီအစဉ်) - ဝိဇ္ဇာဘွဲ့
မြန်မာစာ [၄-မ-၁ (၀၂၆)မှ ၄-မ-၁၅၆(၀၂၆) အထိ]
ပထဝီဝင် [၄-ပ-၁ (၀၂၆) မှ ၄-ပ-၆၇ (၀၂၆)အထိ]၊
အရှေ့တိုင်းပညာ
- သိပ္ပံဘွဲ့
ရူပဗေဒ [၄-ရပ-၁(၀၂၆)မှ ၄-ရပ-၇၉(၀၂၆)အထိ]၊
(ညနေပိုင်းအစီအစဉ်) - ပ-ညနေ (၂:၀၀)နာရီ
- ဝိဇ္ဇာဘွဲ့
မြန်မာစာ [၄-မ-၁၅၇ (၀၂၆)မှ ၄-မ-၃၆၁(၀၂၆)အထိ]၊
ပထဝီဝင်[၄-ပ-၆၈(၀၂၆)အထက်]
- သိပ္ပံဘွဲ့
ရူပဗေဒ[၄-ရပ-၈၂ (၀၂၆) အထက်]

အစမ်းလေ့ကျင့်ပွဲကျင်းပမည့်နေ့ - ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့)
အစမ်းလေ့ကျင့်ပွဲကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

**ဒုတိယနေ့အစီအစဉ်**

(က) ကျင်းပမည့်နေ့ - ၄-၂-၂၀၂၅ ရက် (အင်္ဂါနေ့)
(ခ) ကျင်းပမည့်အချိန် - ဒု-နံနက် (၉:၀၀)နာရီ
(နံနက်ပိုင်းအစီအစဉ်) - ဝိဇ္ဇာဘွဲ့
မြန်မာစာ[၄-မ-၃၆၂(၀၂၆)အထက်]၊
အင်္ဂလိပ်စာ[၄-အ-၁(၀၂၆)မှ ၄-အ-၁၃၀(၀၂၆)အထိ]
- သိပ္ပံဘွဲ့
သတ္တဗေဒ
(ညနေပိုင်းအစီအစဉ်) - ဒု-ညနေ (၂:၀၀)နာရီ
- ဝိဇ္ဇာဘွဲ့
အင်္ဂလိပ်စာ [၄-အ-၁၃၁ (၀၂၆) အထက်]၊
စိတ်ပညာ
- သိပ္ပံဘွဲ့
သင်္ချာ

အစမ်းလေ့ကျင့်ပွဲကျင်းပမည့်နေ့ - ၃၀-၁-၂၀၂၅ (ကြာသပတေးနေ့)
အစမ်းလေ့ကျင့်ပွဲကျင်းပမည့်အချိန် - မွန်းလွဲ (၁:၀၀)နာရီ
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

**တတိယနေ့အစီအစဉ်**

(က) ကျင်းပမည့်နေ့ - ၅-၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)
(ခ) ကျင်းပမည့်အချိန် - တ-နံနက် (၉:၀၀)နာရီ
(နံနက်ပိုင်းအစီအစဉ်) - ဥပဒေဘွဲ့
ဥပဒေပညာ
- ဝိဇ္ဇာဘွဲ့
သမိုင်း[၄-သ-၁(၀၂၆)မှ ၄-သ-၁၁၇(၀၂၆)အထိ]
- သိပ္ပံဘွဲ့
ဓာတုဗေဒ
(ညနေပိုင်းအစီအစဉ်) - တ-ညနေ (၂:၀၀)နာရီ
- ဝိဇ္ဇာဘွဲ့
- သမိုင်း[၄-သ-၁၁၈ (၀၂၆)အထက်]၊
ဒဿနိကဗေဒ
- သိပ္ပံဘွဲ့
ရုက္ခဗေဒ

အစမ်းလေ့ကျင့်ပွဲကျင်းပမည့်နေ့ - ၃၁-၁-၂၀၂၅ (သောကြာနေ့)
အစမ်းလေ့ကျင့်ပွဲကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲ ဝင်ခွင့်ကတ်နှင့် ဘွဲ့ဝတ်စုံ ထောက်ခံစာများအား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အဝေးသင် သင်တန်းဌာနတွင် (၂၄-၁-၂၀၂၅)ရက်နေ့မှ (၂၆-၁-၂၀၂၅)ရက်နေ့ထိ ထုတ်ပေးမည် ဖြစ်ပါသည်။

**သက်သက်ဝေ**
**(ဌာနမှူး၊ သင်တန်းရေးရာ)**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

**"ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ (၅)၊ ကျောင်းပိုင် (၁) လမ်း၊ မြေကွက်အမှတ် (၅/၂၆) ဟုခေါ်တွင်သော အကျယ်(၁၈ × ၅၀)ပေရှိ မြေ အဆောက်အဦနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

အထက်ဖော်ပြပါ လိပ်စာရှိ မြေနှင့်အဆောက်အဦအား **ဦးမောင်ဝင်း (၁၂/ဗဟန (နိုင်) ၀၅၆၈၀၀)** **နှင့် ဒေါ်သန္တာဝင်း (၁၂/အလန (နိုင်) ၀၄၀၁၂၆)** တို့က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံပြီး အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခိုင်သန္တာထွန်း (၇/နတလ (နိုင်) ၀၈၃၇၉၅)** က (၈-၁-၂၀၂၅) ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ အား ပေးချေထားပြီးဖြစ်ပါသည်။ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သန္တာထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းဝတ်ရည်ထွန်း LL.B,D.I.P.L (အထက်တန်းရှေ့နေ) (စဉ်-၅၁၀၉၇)**
**အမှတ်-၁၃၅၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ (၇) ရပ်ကွက်ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph : ၀၉-၄၄၉၄၄၈၇၉၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ကြီးပွားရေး/လုံးချင်း)၊ မြေကွက်အမှတ်-(၃၈) အကျယ်အဝန်း (၃၆၀၀ စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅)၊ ပန်းမယ်ဇလီလမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမောင်မောင်ဇော် [၅/စကန(နိုင်)၀၁၈၆၇၁]အမည်ဖြင့် တည်ရှိလျက်ရှိပြီး အမည်ပေါက် ဦးမောင်မောင်ဇော်သည် (၂၄-၉-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဦးမောင်မောင်ဇော်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ညိုမီ [၅/စကန(နိုင်)၀၆၀၀၅၅]မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ယခုအခါ ဒေါ်ညိုမီမှ အဆိုပါ မြေနှင့်အိမ်အား လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးရန်နိုင်ဟိန်း (LL.B)** | **ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)** | **ဦးရဲထွဋ်ခေါင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၉၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၁၉၉)** |

**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၃၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၈၆၉)၊ မြေကွက်တည်နေရာ အမှတ်(၈၆၉)၊ ထိပ်တင်မှတ် (၁)လမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဦးခင်စိန် (E/RGN-၀၁၈၃၄၁) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ်- ၇၁၈၁/၃-၉-၂၀၂၄ ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်းမော် [၁၂/လမန (နိုင်) ၀၀၃၀၆၅]၊ ဒေါ်သက်သက်ဝါ [၁၂/ဒဂရ(နိုင်)၀၀၃၆၃၈]တို့မှ နှစ်(၆၀)ဂရန်၊ ပိုင်ဆိုင်စာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်တို့တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ဘဏ်နှင့်ဆောင်ရွက်ဆဲမှတ်ချက်နှင့် ပတ်သက်၍ လျှောက်ထားသူတို့မှ ဝင်စာအမှတ် (၁၀၈၈၆/၂၂-၈-၂၀၂၄)ဖြင့် အဆိုပါ ချေးငွေအား ဖခင်ဖြစ်သူ ဦးခင်စိန်မှ အပြေအကျေ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်သည်မှာ မှန်ကန်ပါကြောင်းနှင့် ဂရန်မူရင်းသည် မိမိတို့လက်ဝယ်တွင်ရှိသည်မှာ မှန်ကန်ပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုစာနှင့်အတူ ကျမ်းကျိန်လွှာဖြင့် ပူးတွဲ၍ ရှင်းလင်းတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်ဝင်းမော်၊ ဒေါ်သက်သက်ဝါတို့မှ အမည်ပြောင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မောင်ကျော်စစ်သွေး (ခ) မောင်လင်းဘုန်းသော်နှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးနိုင် [၁၂/ဥကမ(နိုင်)၁၈၀၀၄၂]နှင့် ဒေါ်သူဇာ [၁၂/ဥကမ(နိုင်)၁၉၃၈၇၂] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစိုးနိုင်နှင့် ဒေါ်သူဇာတို့၏ သားဖြစ်သူ မောင်ကျော်စစ်သွေး(ခ) လင်းဘုန်းသော် [၁၂/ဒဂန(နိုင်) ၀၃၉၃၇၉]သည် မိဘများ၏ဆိုဆုံးမမှုကို နားထောင်ခြင်း၊ နာခံခြင်းမရှိဘဲ မိဘနှစ်ပါးစလုံးအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၃-၁-၂၀၂၅ ရက်တွင် နေအိမ်မှ ၎င်း၏ သဘောဆန္ဒဖြင့် ထွက်သွားသည့်အတွက် ယနေ့မှစ၍ မောင်ကျော်စစ်သွေး (ခ) လင်းဘုန်းသော်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကျော်စစ်သွေး(ခ)လင်းဘုန်းသော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးမိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)**
**အမှတ်(၄၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 09-421097403**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်- ၁၁၆၉၊ မြေကွက်တည်နေရာ အမှတ်- ၁၁၆၉၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကျော်မြင့် (DG-၀၀၀၆၃၈) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့် (အစ်ကို)ဖြစ်သူသည် (၇-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်လှသိန်း [၇/ရတန(နိုင်) ၀၈၀၁၉၂]မှ အမည်ပေါက်၏ တစ်ဦးတည်းသော ညီမအရင်းတော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိခြင်းမှာ မှန်ကန်ကြောင်းနှင့် ဦးကျော်မြင့် (အစ်ကို)ဖြစ်သူသည် (လူပျိုကြီး) ဘဝဖြင့် ကွယ်လွန်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် RC ၁ထပ်(၁)လုံးတွင် အရပ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်တင်တင်လတ် နေထိုင်ပြီး ကျန်(၁)ထပ်သွပ်မိုး ပျဉ်ကာ (၁)လုံးတွင် လူနေထိုင်ခြင်းမရှိဘဲ လျှောက်ထားသူမှ သော့ဖွင့်ပြပါသည်။ စာချုပ်ဖြင့် ရောင်းချထားသည်မှာ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူမှာလည်း ဒေါ်လှသိန်း၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားသည်ကို သိရှိသဘောတူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်လှသိန်းမှ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းထွန်း၏ သမီး မငွေငွေဝင်း [၁၂/မဂဒ (နိုင်) ၁၀၁၆၃၄] နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၄၆၆၀၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၈U/10၊ မြေကွက်အမှတ်- ၃၇၂၊ မြေကွက်တည်နေရာအမှတ်- ၃၇၂၊ ကျန်းမာရေးလမ်း၊ ၄၈U/10 ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးအောင်သန်း) (H/RGN-၀၁၈၉၉၀)၊ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်သန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ဇနီးတော်စပ်သူ ဒေါ်ထွေးလေး(ခ)ဒေါ်ခင်ဝင်းနိုင် [၁၂/လမတ(နိုင်)၀၁၇၀၃၅]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားဇနီး၊ မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ခင်ပွန်းကွယ်လွန်ချိန် အမွေစားအမွေခံအဖြစ် မိမိတစ်ဦးတည်းသာကျန်ရှိခဲ့ပါကြောင်း၊ အထက်ပါ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ မိမိသာတရားဝင်ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်း၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ထွေးလေး(ခ)ဒေါ်ခင်ဝင်းနိုင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်၌ စပါးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

စပါးအသင်းနဲ့ လီဗာပူးအသင်းတို့ ဇန်နဝါရီ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ စပါးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်း ပွဲကစားချိန် ၈၆ မိနစ်မှာ စပါးအသင်းက ဘာဗယ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ■



စပါးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

## တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅၈၆၁ ဧကရှိသော နယ်မြေကို **"တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅) အရ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၄) ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၄) ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၄)တွင် MIU အသင်းက Winner Soccer အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက SGF အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ Generations အသင်းက VUC အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး MH Dream Team အသင်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍



MH Dream Team အသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ယနေ့ ဖတ်စရာ

**(၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ စုပေါင်းဆင်နွှဲ**

**ရောဝတီရှုခင်းသာအပန်းဖြေစခန်းနှင့် ယဉ်ကျေးမှုပြတိုက် (မြစ်ကြီးနား) အဆောက်အအုံသစ် ဖွင့်လှစ်**

စာမျက်နှာ » ၈

**ပြည်ထောင်စုစိတ်ဓာတ်မပျက် ရှေ့ဆက်ရမည့် အနာဂတ်မြန်မာ ...**

စာမျက်နှာ » ၁၁